# ငြိမ်းချမ်းရေးအတွက်ပူးပေါင်းဆောင်ရွက်ခြင်း၏အားသာချက်- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းမှတစ်ဆင့် လူငယ်များ၏ပါဝင်မှုကို မြှင့်တင်ခြင်း

ထက်လင်းဦး နှင့် မျိုးမျိုးကျော်
ရဒ်ကာအန်တလီကိုဗာ (Ph.D) မှ တည်းဖြတ်သည်။



FRIEDRICH EBERT STIFTUNG

PLRI
Peace Leadership & Research Institute

# အကျဉ်းချုပ်

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ လူငယ်များ၏ ပါဝင်မှုအကြောင်းကို ယခင်လေ့လာမှုများတွင် သုတေသန ပြုလုပ်ပြီးဖြစ်သော်လည်း လူငယ်များ အချင်းချင်းသာမက အခြားသောအဓိကသက်ဆိုင်သူများနှင့် ပူးပေါင်းပါဝင်မှု အခြေအနေအကြောင်း အသေးစိတ်လေ့လာမှုများ လိုအပ်နေဆဲ ဖြစ်သည်။ ၎င်းလိုအပ်ချက်ကို ဖြည့်ဆည်းရန် ရည်ရွယ်၍ ယခုလက်ရှိလေ့လာမှုသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူငယ်များ၏ပါဝင်မှုကို မြှင့်တင်ရာတွင် အကူအညီဖြစ်စေရန်အတွက် လူငယ်များသည် အစိုးရနှင့် လူကြီးများအပြင် လူငယ်အဖွဲ့အမျိုးမျိုးနှင့် ပူးပေါင်း ပါဝင်မှုအဆင့်ကို ပိုင်းခြားဆုံးဖြတ်နိုင်ရန်ဖြစ်ပါသည်။ ဤသုတေသနတွင် စိစစ်ရွေးချယ်နမူနာကောက်ယူနည်း (purposive sampling) နှင့်အတူ အရည်အသွေး စံထားသည့် သုတေသနနည်းစနစ်ကိုအသုံးပြုထားပြီး လူငယ်စုစုပေါင်း ၁၈ယောက်ဖြင့် ဦးတည်အုပ်စုဆွေးနွေးမှု သုံးစုခွဲကာ မြို့ပြ ၊ ကျေးလက် နှင့် ပဋိပက္ခဒဏ်ခံနေရသည့်ဒေသသုံးခုတွင် ပြုလုပ်ခဲ့ပါသည်။ ဤလေ့လာမှုတွင် ပူးပေါင်းပါဝင်မှုအဆင့် အမျိုးမျိုး နှင့် ပုံစံကွဲများသာမက ပူးပေါင်းပါဝင်ရန်အတွက် အတားအဆီးများကိုလည်း ခွဲခြားဖော်ထုတ်ခဲ့ပါသည်။ တွေ့ရှိချက်များအရ လူငယ်အဖွဲ့များကြားပူးပေါင်းဆောင်ရွက်မှု၊ မျိုးဆက်တစ်ခုနှင့်တစ်ခုကြား ပူးပေါင်းဆောင်ရွက်မှု၊ နှင့် လူငယ်နှင့် အစိုးရအဖွဲ့ကြားပူးပေါင်းဆောင်ရွက်မှုတို့သည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လူငယ်များပါဝင်မှုကို မြှင့်တင်ရန်အတွက် အရေးပါသောအစိတ်အပိုင်းများဖြစ်ကြောင်း တွေ့ရှိခဲ့သည်။

# ကျေးဇူးတင်လွှာ

ဤစာတမ်းသည် ငြိမ်းချမ်းရေးဆိုင်ရာခေါင်းဆောင်မှုနှင့် သုတေသန အင်စတီကျု့မှဖွင့်လှစ်သော ငြိမ်းချမ်းရေးနှင့် ခေါင်းဆောင်မှုဆိုင်ရာ ဘွဲ့လွန်သုတေသနဒီပလိုမာသင်တန်းမှ ထွက်ပေါ်လာသော အကျိုးရလဒ် တစ်ခုဖြစ်ပါသည်။ စာရေးသူများအနေဖြင့် ဤသုတေသန ပြုလုပ်ရန် အခွင့်အရေး ကောင်းတစ်ခုပေးခဲ့သော အမှုဆောင်ဒါရိုက်တာ ဆရာစောမျိုး မင်းသူနှင့် ပရိုဂရမ်ဒါရိုက်တာ ဆရာမဒေါက်တာဇင်မာဦးတို့ကို အထူးကျေးဇူးတင်ရှိပါသည်။ အပြုသဘောဆောင်သော အကြံပြုချက်များ၊ နွေးထွေးစွာတိုင်ပင်ဆွေးနွေးမှုများ၊ စိတ်ပိုင်းဆိုင်ရာ အားပေးမှုနှင့် ခွန်အားများပေးခဲ့သော ဆရာမ Radka Antaliková နှင့် ဆရာ James MacMillan တို့ကိုအထူးပင်ကျေးဇူးတင်ရှိပါသည်။ ကိုထိန်လင်း နှင့် အစ်မ Dim တို့ရဲ့အားပေးကူညီမှုတွေကိုလည်း အသိအမှတ်ပြုကျေးဇူးတင်ရှိပါသည်။ စာရေးသူများကို ဘဏ္ဍာရေးဆိုင်ရာအကူအညီများပေးအပ်ခဲ့သည့် အဖွဲ့အစည်းများဖြစ်သော Friedrich-Ebert-Stiftung နှင့် ဖယ်ဒရယ်နိုင်ငံများဖိုရမ် (FOF) တို့ကိုလည်း ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် စာရေးသူများသည် ဦးတည်အုပ်စုဆွေးနွေးမှုများတွင် ပါဝင်ဖြေဆိုသူများကို ကျေးဇူးတင်ရှိကြောင်းပြောလိုပါသည်။ နောက်ဆုံးအနေဖြင့် စာရေးသူများအတွက် အကျိုးဖြစ်ထွန်း စေသောအတွေးအခေါ်များ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာအားပေးမှု၊နှင့် အပြုသဘောဆောင်သော အကြံပြုချက်များပေးခဲ့သော သင်တန်းရှိ သူငယ်ချင်းမိတ်ဆွေ များကိုလည်း ကျေးဇူးတင်ရှိကြောင်းပြော လိုပါသည်။ ဤကဲ့သို့ ဝိုင်းဝန်းအားပေးမှုများ နှင့် အဘက်ဘက် မှကူညီပံ့ပိုးမှုများမပါရှိဘဲ ယခုသုတေသနစာတမ်းပြုစုခြင်းကို အောင်မြင်စွာပြီးမြောက် နိုင်မည်မဟုတ်ပေ။

JOINT PEACE FUND

FRIEDRICH EBERT STIFTUNG

Forum of Federations
The Global Network on Federalism and Devolved Governance

Thabyay Education Foundation
inspire . empower . enable

# နိဒါန်း

“လူငယ်များသည် မည်သည့်တော်လှန်ရေးတွင်မဆို ရှေ့တန်းတွင် ရှိကြပြီး အပြောင်းအလဲဖြစ်ပေါ်ရန် ဦးဆောင်သူများ” ဖြစ်နေတတ် သောကြောင့် များသောအားဖြင့် လူ့အဖွဲ့အစည်းတွင် လူငယ်များကို အပြောင်းအလဲ ဖန်တီးသူများအဖြစ် သတ်မှတ်ကြပါသည် (Bennett ၊ Karki နှင့် Nitu ၊ ၂၀၁၂ ၊ စာမျက်နှာ - ၈) ။ ထိုနည်းတူစွာပင် ပြီးခဲ့သောလေ့လာမှုများ တွင်လည်း ငြိမ်းချမ်းရေးတည်ဆောက်သူ များအဖြစ် လူငယ်များ၏သိသာထင်ရှားသော စွမ်းဆောင်ရည်များကို အလေးပေးဖော်ပြခဲ့ပြီးဖြစ်ပါသည် (ဥပမာအားဖြင့် McEnvoy-Levy ၊ ၂၀၁၁)။ ပဋိပက္ခဒဏ်ခံနေရသည့်နယ်မြေများတွင်ရှိသော လူငယ်များ၏ အခြေအနေများသည် ပဋိပက္ခအရှိန်မြင့်တက် လာခြင်းနှင့် အပြိုင် ပြောင်းလဲနေသော်လည်း ၎င်းတို့တွင် ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်တွင်အထောက်အကူ ပြုနိုင်သည့် ထူးခြားသည့်စွမ်းရည်များရှိနေဆဲဖြစ်ပါသည်။ ဥပမာအားဖြင့် ၎င်းတို့သည် “အကြမ်းဖက်မှုမရှိသော အနာဂတ်တစ်ခုနှင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် တိကျပြတ်သား သောမျှော်မှန်းချက်တစ်ခု ထိန်းသိမ်းထားရှိသည်” (ရင်ကြားစေ့မှု ဆိုင်ရာအရင်းအမြစ်များ၊ ၂၀၁၈၊ စာမျက်နှာ - ၅)။ ထို့အပြင် Del Felice နှင့် Wisler (၂၀၀၇) တို့က ယေဘုယျအားဖြင့် လူငယ်များသည် အပြောင်းအလဲကို ပိုမိုလိုလားကာ အနာဂတ်ကိုရှေးရှု၍ အတွေးအမြင်ရင့်သန်ပြီး ဆန်းသစ်တီထွင်ခြင်း နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် အသုံးဝင်သောစွမ်းရည် တစ်ခုဖြစ်သည့် ရဲစွမ်းသတ္တိကို ပိုင်ဆိုင်ထားသူများဖြစ်ကြောင်း ထောက်ပြ ပြောဆိုခဲ့သည်။ လူငယ်များသည် ပိုမိုပြောင်းလွယ် ပြင်လွယ်လည်းရှိပြီး ၎င်းတို့အတွက် ပြီးခဲ့သော အတိတ်ကာလ အကြောင်းအရာများကို မေ့ပျောက်ရန် လူကြီးများထက် ပိုမိုလွယ်ကူသည်။ ၎င်းအရည်အချင်းသည် ပဋိပက္ခနောင်းပိုင်း ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်အတွက် အလွန်အသုံးဝင် နိုင်သည်။

သမိုင်းကြောင်းများအရ မြန်မာနိုင်ငံ၏လူငယ်လူရွယ်များ၊ အထူး သဖြင့်တက္ကသိုလ်ကျောင်းသား၊ကျောင်းသူများသည် မြန်မာ့ လူမှုအသိုင်းအဝိုင်းတွင် နိုင်ငံရေး နှင့် လူမှုရေးဆိုင်ရာအပြောင်း အလဲများတွင် အရေးပါသောအခန်းကဏ္ဍက ပါဝင်ခဲ့ကြသည်။ ဥပမာအနေဖြင့် ၎င်းတို့သည် အစောပိုင်း ကိုလိုနီဆန့်ကျင်ရေး နှင့် လွတ်လပ်ရေးလှုပ်ရှားမှုများ (အောင်စောဦး၊ ၁၉၉၃ - သာညွန့်ဦးနှင့် အင်ကြင်းနိုင်၊ ၁၉၉၇) ၊ ဦးသန့်အတွက် သင့်တော်သောအသုဘ အခမ်းအနားကျင်းပခြင်းအတွက် ဆန္ဒထုတ်ဖော်ခြင်း (Selth ၊ ၂၀၁၈) ၊ ရှစ်လေးလုံးအရေးတော်ပုံ နှင့် မကြာသေးမီကာလကပင် ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်များသည် ၂၀၀၇ ရွှေဝါရောင်တော်လှန်ရေး (စည်သူအောင်မြင့်၊ ၂၀၁၈) တို့တွင် ရှေ့တန်းကဦးဆောင်ပါဝင်ခဲ့ကြပြီး ၂၀၁၅ ခုနှစ်တွင် အမျိုးသားပညာရေးဆိုင်ရာဥပဒေကို ဆန့်ကျင်၍ကန့်ကွက် သပိတ်မှောက်မှုကို ဦးဆောင်ခဲ့သည် (သက်ကိုကို ၊ ဝေရန်အောင် နှင့် Vrieze ၂၀၁၅)။ ငြိမ်းချမ်းရေးတည်ဆောက် သည့်လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ ၂၀၁၂ နှင့် ၂၀၁၃ ခုနစ်တွင် လူငယ်များသည် ပြည်တွင်းစစ်များ ရပ်တန့်ရေး နှင့် အမျိုးသားလူငယ်ကွန်ဂရက် (NYC)နှင့် မြန်မာ နိုင်ငံလုံး ဆိုင်ရာ တိုင်းရင်းသားလူငယ်များ မဟာမိတ်အဖွဲ့ (NEYA) မှ ကိုယ်စားလှယ်များကို ဒုတိယအကြိမ် ၂၁ရာစုပင်လုံညီလာခံတွင် တရားဝင်လူငယ်စောင့်ကြည့်လေ့လာသူများအဖြစ် တက်ရောက် နိုင်ရန်ဖိတ်ကြားရေးအတွက် ငြိမ်းချမ်းရေးဆန္ဒပြပွဲများကို ဦးဆောင် ခဲ့သည် (ပေါင်းစည်းလုပ်ငန်းအဖွဲ့၊ ၂၀၁၇) ။ ခြုံငုံကြည့်သော် ထိုအဖြစ်အပျက်များအားလုံးသည် နိုင်ငံ၏နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် လူငယ်များ၏ အရေးပါသောအခန်းကဏ္ဍကို ပြသလျက်ရှိသည်။ ထို့အပြင် လွတ်လပ်ရေး၊ ဒီမိုကရေစီ နှင့် ငြိမ်းချမ်းရေးတို့ကို တောင်းဆိုသည့် လှုပ်ရှားမှုအမျိုးမျိုး၌ တွေ့ရှိ နိုင်သည့် အကြောင်းရင်းများအနက်မှတစ်ခုမှာ မတူကွဲပြားသည့် လူငယ်အဖွဲ့များအချင်းချင်းသာမက အစိုးရအဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်မှုအပြင် လူငယ်အဖွဲ့များနှင့် အခြားသော အရပ်သားများကြား ပူးပေါင်းဆောင်ရွက်မှုအားကောင်းသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဤအစီရင်ခံစာတွင်လူငယ်များနှင့်အခြားသော သက်ဆိုင်သူများအတွင်း၌ အောင်မြင်စွာ တွဲဖက်လုပ်ဆောင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းသည် မြန်မာနိုင်ငံငြိမ်းချမ်းရေး တည်ဆောက်သည့်လုပ်ငန်းစဉ်တွင် လူငယ်များပါဝင်မှုကိုမြှင့်တင်ရန် နှင့် နိုင်ငံအတွင်း စဉ်ဆက်မပြတ်တည်တံ့သောငြိမ်းချမ်းရေးရရှိနိုင်ရန် အတွက် မရှိမဖြစ်အရေးပါသောအရာဖြစ်ပါသည်။

ယခင်သုတေသန (Grizelj ၊ ၂၀၁၆ - ပေါင်းစည်းလုပ်ငန်းအဖွဲ့၊ ၂၀၁၇) တွင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ လူငယ်များပါဝင်ရေး အတွက် အတားအဆီးဖြစ်စေသော အချက်များဖြစ်သည့် လူမှုယဉ်ကျေးမှုဆိုင်ရာ သတ်မှတ်ချက်များနှင့် သဘောထား အမြင်များ၊ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများတွင် အလုံးစုံ မပါဝင်သော သဘောသဘာဝ၊ ကြောက်ရွံ့မှုနှင့် မယုံကြည်မှု အစဉ်အလာ၊ ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ ကန့်သတ်ချက်များ၊ လူမှုစီးပွားရေးအခက်အခဲများ (ပညာရေး၊ ပြောင်းရွှေ့နေထိုင်ခြင်းနှင့် နေရပ်စွန့်ခွာမှု၊ မူးယစ်ဆေးဝါး အသုံးပြုမှု)၊အထက်အောက် ဝါစဉ်အဆင့်ဆင့်ရှိသော လူ့ဘောင်အဖွဲ့အစည်း၊ ပြည်မ နှင့် တောင်တန်းဒေသများအကြား တန်းတူညီမျှမှုမရှိခြင်း နှင့် လူငယ်အဖွဲ့အစည်းများနှင့် ကွန်ရက်များအတွင်းနှင့် အဖွဲ့များကြားတွင် သဘောထားအမြင်များ ကွဲပြားခြားနားမှုတို့ကြောင့်ဖြစ်သည်။ ထိုအတားအဆီးများ တည်ရှိ နေခြင်းအကြောင်းရင်းများထဲမှတစ်ချက်မှာ သက်ဆိုင်ရာတာဝန် ရှိသည့်အဖွဲ့များကြားတွင် ပူးပေါင်းဆောင်ရွက်မှုအားနည်း သောကြောင့် ဖြစ်ပါသည်။ ဥပမာအနေဖြင့် မြန်မာ့လူ့ဘောင် အဖွဲ့အစည်း၏ အထက်အောက်ဝါစဉ်အဆင့်ဆင့် ယဉ်ကျေးမှုသည် မျိုးဆက်တစ်ခုနှင့်တစ်ခုကြား ကွာဟမှုကို ကျယ်ပြန့်လာစေပြီး လူငယ်များအတွက်လူကြီးများနှင့် ချိတ်ဆက်ရာတွင် အခက်အခဲများ ဖန်တီးရာရောက်သည်။ နောက်တစ်ချက်အနေဖြင့် အစိုးရအဖွဲ့အစည်း များပေါ်တွင် ယုံကြည်မှုမရှိခြင်း၊ ငြိမ်းချမ်းေ ရးညှိနှိုင်းမှုများတွင် အားလုံး မပါဝင်သော သဘောသဘာဝ နှင့် လူငယ်များအတွက် လွှတ်တော် အဖွဲ့နှင့် ချိတ်ဆက်ရာတွင် တရားဝင်လမ်းကြောင်းတစ်ခုမရှိခြင်းတို့သည် လူငယ်နှင့် အစိုးရအဖွဲ့ကြား ပူးပေါင်းဆောင်ရွက်မှုကိုအဟန့်အတားဖြစ် စေနိုင်သည်။ ထို့အပြင် လူငယ်အဖွဲ့အစည်းနှင့်ကွန်ရက်များ အတွင်းနှင့် အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ခြင်းဖြင့် ၎င်းတို့ကြား သဘောထားအမြင်များကွဲပြားခြား နားမှုကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ ဤအကြောင်းကြောင့် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် အားနည်းခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်များတွင် လူငယ်များ ပါဝင်မှုကို အဟန့်အတားဖြစ်စေသည့်အကြောင်းရင်းဖြစ်သည်ဟု ယူဆနိုင်သည်။ ထို့ကြောင့် ယခုသုတေသနတွင် လူငယ်နှင့်အစိုးရ အဖွဲ့ကြား၊ လူငယ်နှင့်လူကြီးကြား နှင့် အမျိုးမျိုးသောလူငယ်အဖွဲ့ များကြား ပူးပေါင်းဆောင်ရွက်မှုသာမက ၎င်းတို့အားလုံးကြားတွင် ပူးပေါင်းဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေသည့် အကြောင်းရင်းများကို ဆန်းစစ်လေ့လာမည် ဖြစ်သည်။

# သုတေသနနည်းလမ်း

ဤလေ့လာမှုတွင် အရည်အသွေးစံထားသည့်နည်းစနစ်၊ အထူးသဖြင့် တစ်စိတ်တစ်ပိုင်းပြင်ဆင်ထားသော ဦးတည်အုပ်စုဆွေးနွေးမှုပုံစံကို အသုံးပြုခဲ့သည်။ ဤနည်းလမ်းဖြင့် ပါဝင်ဖြေဆိုသူများသည် ၎င်းတို့၏ ဒေသအလိုက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ယခင်အတွေ့အကြုံများနှင့် ၎င်းတို့၏ အတွေးအမြင်များကို အချင်းချင်းဖလှယ်နိုင်မည်ဖြစ်သည်။ ထို့အပြင် ဆွေးနွေးမှုများသည် ၎င်းတို့ကို သက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုအဆင့် အခြေအနေများနှင့် စပ်လျဉ်းပြီး အသိပေးနိုးဆော်ရာ ရောက်ပြီး ၎င်းတို့၏ရပ်ရွာလူထုတွင် ပူးပေါင်းဆောင်ရွက်မှုတိုးတက် ကောင်းမွန်စေနိုင်မည့် နည်းလမ်းများကို သတိပြုမိစေသည်။ ပါဝင်ဖြေဆို သူများအနေဖြင့် ၎င်းတို့၏အတွေးအမြင်များနှင့် အတွေ့အကြုံများကို လွတ်လပ်စွာ ဆွေးနွေးနိုင်ရန် ဦးတည်အုပ်စုဆွေးနွေးမှုဆိုင်ရာ လမ်းညွှန် မေးခွန်းများသည် အဖွင့်မေးခွန်းပုံစံဖြစ်ပါသည်။ မြန်မာနိုင်ငံအခြေအနေနှင့် သက်ဆိုင်သော ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးတွင် လူငယ်များပါဝင်မှု အကြောင်းအရာများအကြောင်းနှင့် စပ်လျဉ်းပြီးပြုလုပ်ထားသော စာတမ်းအရင်းအမြစ် အမျိုးမျိုး၊ အထူးသဖြင့် သုတေသနစာတမ်းများနှင့် ဆောင်းပါးများအပေါ် အခြေခံပြီး မေးခွန်းများကိုဖန်တီးထားခြင်းဖြစ်သည် (Grizelj ၊ ၂၀၁၆ ၊ ၂၀၁၈ က၊ ၂၀၁၆ ခ) ။ ပထမဆုံးအနေဖြင့် မေးခွန်းများကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ပြီးနောက် မြန်မာဘာသာသို့ ပြန်ဆို ခဲ့သည်။ မေးခွန်းများသည် ပါဝင်ဖြေဆိုသူများအတွက် ရှင်းလင်းနေစေရန် ရှေ့ပြေးမေးမြန်းမှု တစ်ခုကို တက္ကသိုလ်ကျောင်းသားဆယ်ယောက်နှင့်အတူ သံလွင်ပြည်သူ့ရေးရာမူဝါဒလေ့လာရေးအဖွဲ့၌ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် သုတေသီများအနေဖြင့် ရှေ့ပြေးစမ်းသပ်မှုကို ပြုလုပ်ခြင်းဖြင့် ဆွေးနွေးမှုများတွင် ကြားဝင်ကူညီပံ့ပိုးရာ၌ လိုအပ်သောကျွမ်းကျင်မှုများကို လေ့ကျင့်နိုင်ခဲ့သည်။

### နမူနာ၊ နမူနာကောက်ယူခြင်းနှင့် လုပ်ငန်းအစီအစဉ်နမူနာ

နမူနာ၊ နမူနာကောက်ယူခြင်းနှင့် လုပ်ငန်းအစီအစဉ်နမူနာတွင် စုစုပေါင်းဖြေဆိုသူ ၁၈ဦး (အမျိုးသား ကိုးဦး နှင့် အမျိုးသမီး ကိုးဦး) ပါဝင်ပြီး ၎င်းတို့နေထိုင်သည့်အရပ်ဒေသ နှင့် အလုပ်လုပ်ကိုင်သည့် နယ်ပယ်ကိုအခြေခံပြီး အုပ်စု သုံးစုခွဲခဲ့သည်။ ဖြေဆိုသူနမူနာများထဲတွင် ကျေးလက်ဒေသ (ဧရာဝတီတိုင်းဒေသကြီးရှိရွာတစ်ရွာ) မှ ခြောက်ဦး၊မြို့ပြအရပ် (ရန်ကုန်မြို့)မှ ငါးဦး နှင့် ပဋိပက္ခဒဏ်ခံရသည့် နယ်မြေများ (ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့) မှ ခုနစ်ဦး ပါဝင်သည်။ နမူနာအုပ်စုများကို တည်နေရာအလိုက် အခြေခံရခြင်းအကြောင်းမှာ အကြိမ်ကြိမ် လေ့လာခဲ့ပြီးသော မြို့ပြနှင့် ပဋိပက္ခဒဏ်ခံရသည့် နေရာများတွင် သာမက သုတေသနများ၌ ပါဝင်မှု နည်းပါးနေကျ အတိုင်းဖြစ်သော ကျေးလက်ဒေသများရှိ လူငယ်များ၏ အမျိုးမျိုးသော အတွေးစိတ်ကူးနှင့် သဘောထားအမြင်များကို လေ့လာဆန်းစစ်ပြီး မှတ်တမ်းတင်ထားရှိရန်ဖြစ်ပါသည်။ ဤလေ့လာမှုတွင် ဖြစ်တန်စွမ်းနည်းနမူနာကောက်ယူနည်း၊ အထူးသဖြင့် ရည်ရွယ်ချက်ရှိရှိ (စိစစ်ရွေးချယ်) နမူနာကောက်ယူနည်းကိုအသုံးပြုကာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSOs) တွင် အလုပ်လုပ်ကိုင်ဖူးသော အတွေ့အကြုံရှိသည့် လူငယ်များနှင့် စိတ်ဝင်တစားရှိသော လူငယ်လူထုလုပ်သားများ နှင့် သုတေသနအတွက် အရေးပါသောသတင်းအချက်အလက်များပေးနိုင်မည့် လူငယ်တက်ကြွလှုပ်ရှားသူများကို စိစစ်ရွေးချယ်ခဲ့သည်။ သုတေသီများနှင့်အဆက်အသွယ်ရှိခဲ့ဖူးသည့် ဒေသခံလူငယ်များကို ပါဝင်သူများအနေဖြင့် ရွေးချယ်ခန့်အပ်ခဲ့သည်။

၂၀၁၉ခုနှစ် ဖေဖော်ဝါရီလတွင် ဦးတည်အုပ်စုဆွေးနွေးမှုများကို ပြုလုပ် ခဲ့သည်။ ဦးတည်အုပ်စုဆွေးနွေးမှုအစတွင် သုတေသီများသည် ၎င်းတို့ကိုယ်ကို မိတ်ဆက်ပြီး၎င်းတို့၏သုတေသနစီမံကိန်းနှင့် သုတေသနအင်စတီကျူ့အကြောင်း ရှင်းပြခဲ့ပါသည်။ သုတေသီများသည် အသိပေးခွင့်ပြုချက် ယူသည့်ပုံစံကို ရှင်းပြပြောဆိုပြီးနောက် ၎င်းတို့ အနေနှင့် ပါဝင်ဖြေဆိုရန် သဘောတူပါက လက်မှတ်ရေးထိုးပေးပါရန် တောင်းဆိုခဲ့သည်။ ထို့နောက် ပါဝင်ဖြေဆိုသူများအချင်းချင်း ၎င်းတို့ကိုယ်တိုင် မိတ်ဆက်စေခဲ့ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ၎င်းတို့အချင်းချင်း ရင်းနှီးကျွမ်းဝင်လာပြီး ၎င်းတို့၏ အတွေးအမြင်များကို မျှဝေရာတွင် ပိုမိုသက်တောင့်သက်သာဖြစ်ခဲ့သည်။ ဦးတည်အုပ်စုဆွေးနွေးမှုများသည် အချိန်နှစ်နာရီခန့်ကြာမြင့်ခဲ့သည်။ ဦးတည်အုပ်စုဆွေးနွေးမှုများပြီးနောက် ပါဝင်ဖြေဆိုသူများကို ဆွေးနွေးခဲ့သည့်အကြောင်းအရာများ ပြန်လည်ရှင်းပြပြောဆိုခဲ့ပြီး သုတေသီများအနေဖြင့် ဆွေးနွေးချက်များမှ ရရှိလာသောအချက်အလက်များကို ၎င်းတို့၏သုတေသနစာတမ်းအတွက် အသုံးပြုမည့်နည်းလမ်းကို ရှင်းပြခဲ့ပါသည်။ ထို့အပြင် သုတေသီများသည် သုတေသနစီမံကိန်းနှင့်စပ်လျဉ်း၍ ပါဝင်သူများမေးမြန်းလိုသောအကြောင်းအရာများရှိပါက လွတ်လပ်စွာ မေးမြန်းနိုင်ရန် အချိန်ပေးခဲ့ပါသည်။ ထို့အပြင် သုတေသနအစီရင်ခံစာထုတ်ဝေပြီးသည်နှင့်တစ်ပြိုင်နက် သုတေသီများသည် ထိုအစီရင်ခံစာကို ပါဝင်ဖြေဆိုသူများထံ ပို့ပေးမည်ဟု ကတိပေးအပ်ခဲ့သည်။

# တွေ့ရှိချက်များ နှင့် ဆွေးနွေးချက်များ

## လူငယ်အဖွဲ့များကြားပူးပေါင်းဆောင်ရွက်မှု

ဦးတည်အုပ်စုဆွေးနွေးမှုများတွင် ပါဝင်ဖြေဆိုသူများ၏ ဆွေးနွေးချက်များအရ လူငယ်များသည် အချင်းချင်းပူးပေါင်း ဆောင်ရွက်ရန် စိတ်အားထက်သန်ကြောင်းတွေ့ရှိရသည်။ ၎င်းတို့အနေဖြင့် လူငယ်အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းခြင်းသည် ၎င်းတို့၏ရည်မှန်းချက်ပန်းတိုင်၊ အထူးသဖြင့် အဖွဲ့တစ်ဖွဲ့အတွက် စည်းရုံးလှုံ့ဆော်ခြင်း သို့မဟုတ် မူဝါဒတစ်ရပ်အတွက် လျှောက်လဲတင်ပြခြင်းများ ပြုလုပ်ရာတွင် ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်သည်ဟု ယုံကြည်ကြသည်။ ကျေးလက်ဒေသမှ ပါဝင်ဖြေဆိုသူတစ်ဦးက "ကျနော်မြင်ရတာက ကျတော့ လူငယ်အဖွဲ့တွေပူးပေါင်းပြီး လုပ်တဲ့ပွဲတွေဆိုရင် လူကြီးတွေဦးစီးပြီးလုပ်တဲ့ ပွဲတွေထက် ပိုအောင်မြင်တယ်" ဟု ပြောဆိုခဲ့သည်။ ထို့အပြင် ပါဝင်ဖြေဆို သူများ၏ အတွေ့အကြုံများပေါ်အခြေခံကာ လူငယ်အဖွဲ့များကြားပူးပေါင်း ဆောင်ရွက်မှုသည် အကြောင်းအရာအခြေပြု နှင့် ခံယူချက် အခြေပြုဟူ၍ပုံစံနှစ်မျိုးကွဲပြားပါသည်။ အကြောင်းအရာအခြေပြု ပူးပေါင်းဆောင်ရွက်ခြင်းသည် အရှိန်မြင့်တက်လာသည့်အကြောင်း အရာတစ်ခုပေါ်အခြေခံပြီး ကာလတိုပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်ပါသည်။ မြို့ပြဒေရီယာမှ ပါဝင်ဖြေဆိုသူတစ်ဦးက "ဆန္ဒပြပွဲတို့ ဝုန်းခနဲလုပ်မယ်ဆို ဒီဘက်ကလူခေါ်ရအရမ်းလွယ်တယ်။ ဒီပွဲအတွင်းတစ်နာရီ၊ သုံးနာရီလောက်ပိုင်း ပြီးရင်ပြန်သွားတယ်။ စိတ်ဓာတ်အင်အားကတော့ အရမ်းတက်ကြွကြတယ်။ ဒါပေမယ့် ကချင်လူငယ်တွေဖြစ်နေတာက ဖြစ်တုန်းခဏပဲ ကောက်ရိုးမီး လိုပဲ" ဟု ဆွေးနွေးခဲ့သည်။ ထိုလုပ်ဆောင်မှုပြီးသည့်နောက်တွင် ပူးပေါင်းဆောင်ရွက်မှုလည်း အဆုံးသတ်ပြီးဆုံးပြီဖြစ်သည်။ အခြားတစ်ဘက်တွင်လည်း လူမျိုးနှင့် ဘာသာရေးစသည့် ခံယူချက်ပေါ်အခြေခံပြီး ပူးပေါင်းဆောင်ရွက်မှုပြုသည်။ ဥပမာအားဖြင့် ကချင်ပြည်နယ်တွင် ဘုရားကျောင်းအခြေပြု လူငယ်များကြားတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းပါသည်။

တစ်ချိန်တည်းမှာပင် ခံယူချက်အခြေပြုပူးပေါင်းဆောင်ရွက် ခြင်းသည် လူငယ်အဖွဲ့များကို ကန့်သတ်ပိုင်းခြားနေပြီး လူငယ်အဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို လျော့ကျ စေသည်။ ဥပမာအားဖြင့် ဘုရားကျောင်းအချို့ပေါ်မူတည်ပြီး ကချင်ရပ်ရွာလူထုတွင် လူငယ်အဖွဲ့အမျိုးမျိုးရှိပြီး ထိုအဖွဲ့ များကြားပူးပေါင်းဆောင်ရွက်မှုအားနည်းပါသည်။ ကချင်ရပ်ရွာလူ ထုမှပါဝင်ဖြေဆိုသူတစ်ဦးက "ဘာသာရေးမှာဆိုရင်လည်း ဒီ RC ၊ KBC ၊ AGA ဘာသာတွေက ပူးပေါင်းဆောင်ရွက်မှု သိပ်မရှိဘူး။ တစ်ခုနဲ့တစ်ခုဘာသာရေးပူးပေါင်းဆောင်ရွက်တာ တစ်ခါမှ မမြင်ဖူးသေးဘူးပေါ့" ဟု ၎င်း၏အမြင်ကို ထုတ်ဖော် ဆွေးနွေးခဲ့သည်။ ဘာသာရေးခံယူချက်ကလွဲပြီး မျိုးနွယ်စု ခံယူချက်သည်လည်း လူငယ်အဖွဲ့များကြားကန့်သတ် ပိုင်းခြားမှုများ ဖြစ်ပေါ်စေပါသည်။ ကချင်ရပ်ရွာလူထုမှ ပါဝင်ဖြေဆိုသူတစ်ဦးသည် ကချင်ပြည်နယ်တွင်နေထိုင်သော တိုင်းရင်းသားမျိုးနွယ်စုခွဲများ၏ သီးခြားရပ်တည်မှုနှင့် ၎င်းတို့ကြား နောက်ဆက်တွဲပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်းတို့၏ ချိတ်ဆက်မှုကို အလေးထားဆွေးနွေး ခဲ့သည်။ ထို့ကြောင့် လူငယ် အဖွဲ့များသည်အဖွဲ့အတွင်းပိုင်းတွင်အားကောင်းသော်လည်း မျိုးနွယ်စုခွဲနှင့် ဘာသာရေးအဖွဲ့အမျိုးမျိုးရှိ လူငယ်များကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းသည်ကို ထင်ရှားစွာတွေ့ရှိရသည်။ ထိုကန့်သတ်ပိုင်းခြားမှုများသည် လူငယ်အဖွဲ့များကြား နားလည်မှု လွဲခြင်းနှင့်သဘောထားအမြင်လွဲခြင်းတို့ ဖြစ်ပေါ်စေပြီး ကန့်သတ် ပိုင်းခြားမှုများပိုမိုဖြစ်စေပါသည်။

ဤတွေ့ရှိချက်နှင့်အညီ ယခင်စာတမ်းများတွင်လည်း မျိုးနွယ်စု၊ ဘာသာရေး နှင့် ကျား၊ မ ဖြစ်ခြင်းနှင့်အတူ လူငယ်အဖွဲ့အစည်း များကြား ကန့်သတ်ပိုင်းခြားမှုအများဆုံးဖြစ်ပေါ်ကြောင်း ဖော်ပြထား ရှိသည် (ပေါင်းစည်းလုပ်ငန်းအဖွဲ့၊ ၂၀၁၇) ။ Grizelj (၂၀၁၆) ကလည်း "လူငယ်ဦးဆောင်တဲ့အဖွဲ့အစည်း အတော်များများမှာ လူမျိုး၊ ဘာသာ ဒါမှမဟုတ် နိုင်ငံရေး အခြေခံတာတွေရှိတယ်။ ဒီဟာကလည်း အားသာချက်လည်း ဖြစ်နိုင်တယ်၊ အားနည်းချက်လည်းဖြစ်နိုင်တယ်၊ အဲ့ဒီဟာက ရှိနေပြီးသားပိုင်းခြားထားတာတွေကို အားပေးထောက်ခံသလို မျိုးလည်း ဖြစ်နိုင်တယ်" (စာမျက်နှာ - ၆) ဟု အလားတူ ဖော်ပြထားသည်။

ထို့အပြင် ပညာရေးအဆင့်အခြေအနေအမျိုးမျိုးသည်လည်း လူငယ်အဖွဲ့များကို ကန့်သတ်ပိုင်းခြားနေကြောင်း တွေ့ရှိခဲ့သည်။ မြို့ပြဒေရီယာဦးတည်အုပ်စုမှ ပါဝင်ဖြေဆိုသူတစ်ဦးက တက္ကသိုလ် ကျောင်းဝင်းအတွင်း လူငယ်အဖွဲ့များကြားပူးပေါင်းဆောင်ရွက်မှု နှင့် စပ်လျဉ်း၍ သူ၏အတွေ့အကြုံများကိုမျှဝေခဲ့သည်။ သူ့အနေဖြင့် ထူးချွန်သော ကျောင်းသား၊ ကျောင်းသူများ၊ သာမန်ကျောင်းသား၊ ကျောင်းသူများနှင့် တက်ကြွလှုပ်ရှားမှု မရှိသောလူငယ်အဖွဲ့ဟူ၍ လူငယ်အဖွဲ့သုံးဖွဲ့ကြားပိုင်းခြား သိမြင်နိုင်စေရန် ဆွေးနွေးခဲ့ပါသည်။ "ကျွန်တော်က ဘယ်လိုဖြစ်စေချင်လည်း ဆိုတော့ ဒီဘက်က IQ မြင့်တဲ့ ပုဂ္ဂိုလ်တွေက တွေးနိုင်ခေါ်နိုင် သူတို့မှာလက်လှမ်းမှီတဲ့ နည်းပညာအတွေးအခေါ်တွေ ရှိတယ်။ ဒီဘက်မှာကတော့ အသင်းငယ်လေးတွေသည် သူတို့ရှိတဲ့အတွေးအခေါ်လေးတွေ နဲ့ပဲ သွားနေရတာ ဖြစ်တဲ့အတွက်ကြောင့် အရမ်းကို sharp ဖြစ်တဲ့ goal ကိုမရောက်ဘူး။" ဟု သူ၏အမြင်ကိုထုတ်ဖော်ပြော ဆိုခဲ့သည်။ အလားတူပင် ကျေးလက်ဒေသများတွင် ပညာတတ် နှင့် စာမတတ်သောလူငယ်များကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းပြီး ၎င်းသည် ထိုလူဦးရေနှစ်ခုကြားကွာဟမှုကိုဖြစ်စေ ပါသည်။ အားလုံးခြုံကြည့်သော် ဤအထောက်အထားသည် လူငယ်အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေ အားနည်း ကြောင်း ဖော်ပြနေသည်၊ လူငယ်များသည် ၎င်းတို့ကြားပူးပေါင်း ဆောင်ရွက်မှုအားကောင်းစေရန် တည်ငြိမ်သောဆက်ဆံရေး မရှိပေ။ တစ်ချိန်တည်းမှာပင် ဦးတည်အုပ်စုတွင်ပါဝင်ဖြေဆို သူများသည် လူငယ်အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လိုအပ်သည်ဟု ယုံကြည်ကြသည်။ အချက်အလက်များတွင် တွေ့ရှိခဲ့သော ပူးပေါင်းဆောင်ရွက် မှုပုံစံနှစ်မျိုးနှင့်ပတ်သက်ပြီး အကြောင်းအရာအခြေပြု နှင့် ခံယူချက်အခြေပြု ပူးပေါင်း ဆောင်ရွက်မှုနှစ်မျိုးလုံးသည်

ငြိမ်းချမ်းရေးတည်ဆောက်ရန် အတွက်သာမက ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ရှားမှု များတွင်လည်း လူငယ်များပါဝင်ရေးအတွက်လည်း အရေးကြီး ပါသည်။

### လူငယ်နှင့်လူကြီးများကြားပူးပေါင်းဆောင်ရွက်မှု

အချို့သောပါဝင်ဖြေဆိုသူများ၏ဆွေးနွေးချက်များအရ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် လူငယ်အဖွဲ့များနှင့် လူကြီးများဦးဆောင်သော CSO အဖွဲ့များကြား ပူးပေါင်း ဆောင်ရွက်မှုသည် မြှင့်တက်လာနေပြီးဖြစ်သည်။ ထို CSO အဖွဲ့များသည် အစည်းအဝေးပွဲများနှင့် ဖိုရမ် ဆွေးနွေးပွဲများတွင် လူငယ်များအတွက် ၎င်းတို့၏သဘောထား အမြင်များအကြောင်း ပြောဆိုနိုင်ရန်အခွင့်အရေးများ ပေးခြင်းဖြင့် တဖြည်းဖြည်းနေရာပေးလာကြသည်။ ပါဝင်ဖြေဆိုသူများထဲမှတစ်ဦးက -

> "မူဂါဒ develop လုပ်တဲ့အခါမှာ ပေါ်လစီခြောက်ခု လုပ်ခဲ့ပြီးပြီပေ့ါနော် IDP policy, return policy, social policy စသည်တို့ကို အရပ်ဘက်အဖွဲ့အစည်းနဲ့ လုပ်တဲ့အပိုင်းတွေ ပြီးတော့ သူတို့နဲ့ပေါင်းပြီး သင်တန်း၊ ဖိုရမ်၊ အလုပ်ရုံဆွေးနွေးပွဲ လူထုစကားပြောခြင်းလုပ်တဲ့ အပိုင်းတော့ရှိတယ် အဓိကပိုပြီး အသေးစိတ်သူတို့နဲ့ ပေါင်းပြီးလုပ်တဲ့ ဟာဆိုရင် Kachin youth movement လုပ်တဲ့အခါကျရင် သူတို့ဘာသာရေးခေါင်းဆောင် ၊ ယဉ်ကျေးမှုခေါင်းဆောင်တို့ ရပ်ရွာလူကြီးခေါင်းဆောင်တို့ ဆိုရင် သူတို့ကတော့ reformative ways သုံးပေးတယ် အစ်မတို့အနေကတော့ အတိုက်အခံအနေနဲ့ လုပ်နေကြတယ် သူတို့ကတော့ reformative ways အနေနဲ့ဖြေရှင်းနေကြတယ် အစိုးရနဲ့သူတို့နဲ့ တွေ့ပေးတဲ့အပိုင်းတွေ အဲ့တာက အားသာချက်တစ်ခုပေ့ါ" ဟု သူမ၏အတွေ့အကြုံနှင့် စပ်လျဉ်းပြီးဆွေးနွေးခဲ့သည်။

သို့ပေမဲ့ အခြားသောဖြေဆိုသူတစ်ဦးကလည်း "ဒီလူကြီးတွေ နဲ့ပတ်သက်ပြီးပြောတဲ့အခါမှာ သူတို့ကို အသက် ၃၅နှစ်ကနေ ၅၀နှစ်အထိလူကြီး နဲ့ အသက် ၅၀နှစ်အထက်လူကြီးဆိုပြီး အုပ်စုနှစ်စုခွဲပြောလို့ရတယ်" ဟု ပြောပြခဲ့သည်။ ဆက်လက်ပြီး မြို့ပြဒေရိယာမှပါဝင်ဖြေဆိုသူ ၎င်းက -

> "လူငယ်နဲ့လူကြီးကိုကျွန်တော်အပိုင်းနှစ်ပိုင်းထပ် ခွဲချင်တယ်။ ငါးဆယ်အထက်ရယ် သုံးဆယ့်ငါးရယ် ငါးဆယ်ကြားရယ်။ အဲ့ဒီသုံးဆယ့်ငါးနှစ်ကျော်ရင် လူကြီးတွေကပြောလို့ဆိုရတာအရမ်းခက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူကြီးလားဆိုတော့လည်း ဟုတ်တယ်။ လူငယ်လားဆိုတော့လည်း သူတို့ကိုသူတို့လူငယ်လို့ခံယူထား တုန်းပဲ။ လူငယ်နဲ့ပတ်သက်တဲ့အတွေ့အကြုံတွေသူတို့မှာ ရှိနေတုန်းပဲ။ ၃၅ကျော် ဆိုရင်လည်းသူတို့ဘာမှမလုပ် နိုင်တာမဟုတ်ဘူး။ လူငယ်လိုလည်းလုပ်နိုင်သေးတယ်။ လူငယ်လို့လည်းမသတ်မှတ်ရဆိုတော့ ဇဂေါဇဂ အရွယ်တွေဆိုတော့ သူတို့နဲ့ အလုပ်လုပ်ရတာခက်တယ်။ သူတို့ကလုပ်နိုင်တယ်လို့ခံယူထားတယ်။ ဒါပေမယ့် နည်းနည်း ၅၀ကျော် အထက်ပိုင်းဆိုရင်တော့ လူကြီးလိုတကယ်ကို သတ်မှတ်ရတဲ့အရွယ်မှာဆိုရင်တော့ သူတို့ကိုယ်တိုင် power ထုတ်နိုင်တယ်။ သူတို့အတွေ့အကြုံတွေကို sharing လုပ်ပေးတယ်။ အဲ့လိုဆိုတော့ဒီပုဂ္ဂိုလ်တွေနဲ့တော့ ကျွန်တော် တို့ကအလုပ်လုပ်ရတာအဆင်ပြေတယ်" ဟု ဆွေးနွေးခဲ့သည်။

### လူငယ်အဖွဲ့များနှင့်အစိုးရတို့ကြားပူးပေါင်းဆောင်ရွက်မှု

ဆွေးနွေးချက်များမှတစ်ဆင့် လူငယ်အဖွဲ့များနှင့်လက်ရှိ အစိုးရကြားပူးပေါင်းဆောင်ရွက်မှုအဆင့်အခြေအနေသည် ပြီးခဲ့တဲ့နှစ်များထက် တိုးတက်ကောင်းမွန်လာသည်ကို တွေ့ရှိခဲ့သည်။ မြို့ပြဒေရိယာမှပါဝင်ဖြေဆိုသူတစ်ဦးက "အခုလက်ရှိအစိုးရနဲ့ လူငယ်အဖွဲ့တွေက ပိုပြီးပူးပေါင်း ဆောင်ရွက်မှုက အရင်အစိုးရလက်ထက် ထက်စာရင် ပိုပြီး အားကောင်းလာတယ်ပေ့ါနော် youth forum လုပ်တာမျိုးတွေ၊ ပြီးတော့ ဒေသလိုက် အစိုးရနဲ့ပေါင်းပြီး သင်တန်းတွေလုပ်တာ မျိုးတွေလည်းရှိကြတယ်။ ပိုကောင်းလာတာပေ့ါ ပြောရရင်။" ဟု ၎င်း၏အမြင်ကို ပြောဆိုခဲ့သည်။ ပူးပေါင်းဆောင်ရွက်မှုအချို့ တွေ့မြင်ရသော်လည်း ပူးပေါင်းဆောင်ရွက်မှုအဆင့် အခြေအနေသည် လုံလောက်မှုမရှိသေးပေ။ အထူးသဖြင့် "ရာထူးကြီးပုဂ္ဂိုလ်တွေကလူငယ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းတယ်။ သူတို့ကိုယ်တိုင်လည်း လူငယ်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကို လိုချင်တယ်။ အောက်ခြေပိုင်းပေ့ါနော်။ အစိုးရပိုင်းဌာနဆိုင်ရာအသီးသီး အငယ်လေးတွေကျတော့ လူငယ်တွေနဲ့ပူးပေါင်းဆောင်ရွက်မှုက အားမကောင်းသေးဘူး။ သူတို့ကိုယ်တိုင်ကလည်း လူငယ်တွေနဲ့ ဘယ်လိုပူးပေါင်း ဆောင်ရွက်ရမလဲ။ ပူးပေါင်းဆောင်ရွက်ရင်လည်း ဘယ်လောက်ထိ ထိရောက်တယ်ဆိုတဲ့ awareness သူတို့မှာမရှိဘူး။" ဟု မြို့ပြဒေရိယာမှဖြေဆိုသူတစ်ဦးက ပြောဆိုဆွေးနွေးခဲ့ပါသည်။ အချို့ပါဝင်ဖြေဆိုသူများသည် ၎င်းတို့ကြီးပြင်းခဲ့သည့် အရပ်ဒေသနှင့် ပူးပေါင်းဆောင်ရွက်မှုအဆင့်အခြေအနေ ကြားရှိ ဆက်ဆံရေးကိုထောက်ပြဆွေးနွေးခဲ့သည်။ ၎င်းတို့ အနေနှင့် ကျေးလက်ဒေသများနှင့် ပဋိပက္ခဒဏ်ခံနေရသော နယ်မြေများထက် မြို့ပြဒေရိယာများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်မှုရှိတတ်ကြောင်း အလေးထားပြောခဲ့သည်။ ဥပမာအားဖြင့် မြို့ပြဒေရိယာမှပါဝင်ဖြေဆိုသူတစ်ဦးက "မြို့ပေါ်မှာက ကျေးလက်ဒေသထက် ပူးပေါင်းဆောင်ရွက်မှု ပိုများတယ်။ ဘာလို့လဲဆိုတော့ ကျေးလက်မှာရှိတဲ့လူငယ် တွေက မြို့ပေါ်ကလူငယ်တွေလို အစည်းအဝေးပွဲလုပ်ဖို့ဆုံဖို့ နေရာ ဒါမှမဟုတ် ပိုက်ဆံ အဲ့လိုအရင်းအမြစ်တွေ လုံလောက်မှုမရှိဘူး" ဟု ၎င်း၏အမြင်ကိုပြောဆိုခဲ့ပါသည်။ မြို့ပြဒေရိယာမှ အခြားသော

ပါဝင်သူတစ်ဦးက "နယ်စပ်ဒေသက လူငယ်တွေကျတော့ အစိုးရနဲ့ ပူးပေါင်းလုပ်ကိုင်မှုမှာ အားနည်းတယ်။ သူတို့မှာအစိုးရကို ယုံကြည်တယ်ဆိုတဲ့စိတ်မရှိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့သမိုင်းကိုလှန်ကြည့်လိုက်ရင် သူတို့ဒီစစ်တပ်ရဲ့အောက်မှာ ပဲရုန်းကန်လာရတယ်ပေါ့နော်။ သူတို့မိဘတွေ သေတဲ့သူကသေ ဆွေမျိုးတွေသေတဲ့သူကသေ ဆိုပြီး သူတို့မှာအဲ့လိုစိတ်မျိုးတွေ ရှိနေတယ်။ အဲ့တော့သူတို့ကအစိုးရကိုလုံးဝကြီးယုံတယ်ဆိုတာ မရှိဘူးကွာ။ အဲ့အတွက်ကြောင့် သူတို့ကအစိုးရနဲ့ပူးပေါင်းပါဝင်မှု အရမ်းအားနည်းသွားတယ်ကွာ။" ဟု ဆွေးနွေးပြောဆိုခဲ့ပါသည်။

## ပူးပေါင်းဆောင်ရွက်ရာတွင်အတားအဆီးများ

ပညာရေးစနစ်၊ တစ်ဦးချင်းစီ၏စိတ်နေစိတ်ထား၊ ယခင် နိုင်ငံရေးစနစ်များ၊ အစိုးရပေါ်တွင်မယုံကြည်မှု၊ သတင်းအချက် အလက်ပွင့်လင်းမြင်သာမှုမရှိခြင်း နှင့် မီဒီယာဆိုင်ရာအသိပညာ နည်းပါးခြင်း၊ ဘာသာရေးလွှမ်းမိုးမှုများ၊ အဖွဲ့အစည်းတည်ဆောက် မှုပိုင်းတွင်အားနည်းခြင်း၊ နှင့် လူမှုလှုပ်ရှားမှုများတွင် လူငယ်များ၏ စိတ်ဝင်စားမှုနည်းပါးခြင်းတို့သည် လူငယ်အဖွဲ့များကြား၊ လူငယ်နှင့်လူကြီးကြား၊ နှင့် လူငယ်နှင့် အစိုးရအဖွဲ့ကြားတွင် ပူးပေါင်းဆောင်ရွက်မှုအားကောင်းရေးကို အတားအဆီး ပြုနေသည့် အရေးပါဆုံးသောအကြောင်းရင်းများဖြစ်ပါသည်။ ပထမအချက်မှာ လက်ရှိမြန်မာနိုင်ငံ၏ ပညာရေး စနစ်သည် လူငယ်များအတွက် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အသင်း အဖွဲ့ဖြင့်အလုပ် လုပ်ဆောင်ခြင်းဆိုင်ရာ လုံလောက်သည့် ကျွမ်းကျင်မှုများနှင့် ပညာဗဟုသုတများကို ပေးစွမ်းနိုင်ခြင်း မရှိသေးပေ။ မြို့ပြဒေရီယာမှဖြေဆိုသူတစ်ဦးက "ကျွန်မတို့ ပညာရေးစနစ် ကျွန်မတို့လူ့အဖွဲ့အစည်းက အစုအဖွဲ့နဲ့ လုပ်တာကို မွေးကတည်းက မသင်ပေးခဲ့ဘူး။ ကျွန်မတို့ ပတ်ဝန်းကျင်မှာ ပိုပြီးပြိုင်ဖို့ဆိုင်ဖို့ ပိုပြီးကွဲထွက်ဖို့ပဲ သင်ပေးတာ။ စုလာဖို့မသင်ပေးဘူး။ တွဲလုပ်ဖို့လည်းအလေ့အကျင့်မရှိကြ ဘူး။ ပညာရေးမှာလည်းမရှိဘူး။ လူ့အသိုင်းအဝိုင်းအဖွဲ့အစည်း မှာလည်းမရှိဘူး။ အဲ့တာမျိုးအရမ်းအားနည်းတယ်။" ဟု ၎င်း၏အမြင်ကိုထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ထို့အပြင် မြန်မာ နိုင်ငံ၏ပညာရေးသည် တက်ကြွစွာနားထောင်ခြင်းနှင့် အပြန်အလှန်လေးစားသော အမူအကျင့်များကို အားပေး အားမြှောက်ပြုခြင်းမရှိသောကြောင့် လူငယ်များအတွက် သက်တူ ရွယ်တူများနှင့်ချိတ်ဆက်နိုင်ရန် မရှိမဖြစ်လိုအပ်သောကျွမ်းကျင် မှုများ ထောက်ပံ့ပေးနိုင်ခြင်းမရှိပေ။ ယခင်စာတမ်းများတွင်လည်း ပိုင်းခြားစိတ်ဖြာလေ့လာခြင်း၊ ဆန်းစစ်ဝေဖန်နိုင်စွမ်းနှင့် ဘဝတွက်တာကျွမ်းကျင်မှုများနှင့်ပတ်သက်ပြီး မြန်မာ့ပညာရေး စနစ်တွင် ကန့်သတ်ချက်များ ရှိနေကြောင်း ထုတ်ဖော်ပြီးဖြစ်သည် (ပေါင်းစည်း လုပ်ငန်းအဖွဲ့၊ ၂၀၁၇) ။ ထို့ကြောင့် လူငယ်အဖွဲ့ များကြားပူးပေါင်းဆောင်ရွက်မှုကို အားကောင်းလာအောင် မတည်ဆောက်နိုင်ခြင်းဖြစ်သည်။

ပါဝင်ဖြေဆိုသူအချို့သည် အားကောင်းသည့်ပူးပေါင်း ဆောင်ရွက်မှု ဖြစ်ပေါ်ရန် အဟန့်အတားပြုနေသော အကြောင်းရင်းများအဖြစ် တစ်ကိုယ်ရည်စိတ်ဝင်စားမှုနှင့် တစ်ဦးချင်းစီ၏ကိုယ်ပိုင်ခံယူချက်များကို အလေးပေး ဆွေးနွေးခဲ့ပါသည်။ မြို့ပြဒေရီယာမှပါဝင်ဖြေဆိုသူတစ်ဦး ကလည်း တက္ကသိုလ်ကျောင်းဝင်းတွင် အလုပ်လုပ်ကိုင် နေသည့် ၎င်း၏အတွေ့အကြုံနှင့်ပတ်သက်ပြီး "လူငယ်အချင်းချင်းမှာ ကျတော့ လူငယ်တွေဆိုတော့ အချင်းချင်း ကြားမှာအရမ်းကို lead လုပ်ချင်တယ်။ ဘယ်သူကမှ follower လုပ်ဖို့အတွက်ကို သိပ်ပြီးတော့ဆန္ဒမရှိကြဘူး။ သူ့ရဲ့ရှိနေတဲ့အရည်အချင်းကို ကျွန်တော်လည်းရှိနေတဲ့ အရည်အချင်းကို ထုတ်ပြချင်တာပဲနော်။ ဒါပေမယ့်ကာလံ ဒေသံပေါ့နော်။ ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်တွေ မှာ ဒီလို mindset တွေကို အားနည်းနေတာတွေရတာပေါ့နော်။" ဟု ဆွေးနွေးခဲ့ပါသည်။ အခြားပါဝင်ဖြေဆိုသူတစ်ဦးကလည်း "အဖွဲ့အစည်းတွေထဲမှာ တစ်ချို့အဖွဲ့အစည်းတွေမှာ ရှိတယ် ပေါ့နော်။ လူကြီးတွေ ဦးဆောင်တဲ့ လူကြီးတွေပါတဲ့ အဖွဲ့တွေဆိုရင် လူငယ်တွေရဲ့အသံကိုအသိအမှတ်ပြုပြီးတော့ လူငယ်တွေကို decision-making ပိုင်းမှာ စကားပြောခိုင်း တာတွေရှိတယ်။ ဒါတွေကအရမ်းရှားတယ်ပေါ့နော်" ဟု ၎င်း၏ အမြင်ကိုဆွေးနွေးပြောဆိုခဲ့သည်။ ဆက်လက်ပြီး ၎င်းက "၂၀၁၅ campaign လုပ်တဲ့အချိန် ညဘက်ကြီး အဲ့လှိုင်သာယာမှာ ညဘက်ကြီးခုံတွေတန်းစီပြီးတော့ လူကြီးတွေက စကားတွေ ပြောကြတယ်။ သူတို့ဘယ်လောက်နိုင်နိုင်ခြေရှိလည်းဆိုပြီး သူတို့စောင့်နေကြတဲ့အချိန် လူငယ်တွေကဘေးမှာငုတ်တုတ် ထိုင်ခုံသိမ်းဖို့ စောင့်နေကြတယ်။ သူတို့မတ်တပ်ရပ်ပြီးစောင့်နေ ကြတယ်။ လူကြီးတွေကစကားပြောနေကြတယ်ကွာ။ အဲ့လိုမျိုးတွေပေါ့။ အဲ့အပိုင်းမှာကျတော့ လူကြီးတွေက မင်းတို့ မဟုတ်ဘူး ပါတီထဲမှာမင်းတို့ရှိနေဖို့လိုအပ်တယ်။ ဘာလို့လည်း ဆိုတော့ မင်းတို့ကတိုင်းပြည်ရဲ့အနာဂါတ်တွေ ပါတီရဲ့ အမတ်လောင်းတွေ ဒါကြောင့် မင်းတို့ကရှိနေဖို့လိုအပ်တယ်။ ဒါပေမယ့်လက်ရှိအခြေအနေမှာ စကားမပြောနဲ့ဦး မင်းတို့အသက် ၃၅နှစ်ပြည့်မှပြော ဆိုပြီး အဲ့လိုပုံစံမျိုးဖြစ်နေတယ်" ဟု ၎င်း၏အတွေ့အကြုံကို မျှဝေဆွေးနွေးခဲ့သည်။ ကျေးလက်ဒေသမှ ပါဝင်ဖြေဆိုသူတစ်ဦးကလည်း "တချို့လူကြီးတွေဆို လူငယ်တွေက တင်ပြတဲ့အကြောင်းအရာတွေဆိုရင် ငယ်တယ်။ အဲ့တာတန်းမဝင်ဘူး အဲ့လိုသတ်မှတ်ချက်တွေရှိကြတယ်။ သူတို့စိတ်ထဲအဲ့လိုဖြစ်နေတာပေါ့။ တချို့လူကြီးတွေ ကြတော့လေ အတ္တကြီးသလိုပေါ့နော်။ ကိုယ်လုပ်တာပဲအကောင်း သူတို့လုပ်တာအဆင်ပြေမှာ မဟုတ်ဘူး။ သူတို့က အတွေ့အကြုံ မရှိဘူး။ အဲ့လိုတွေပေါ့" ဟု ဖြေဆိုခဲ့ပါသည်။ လူကြီးများအနေဖြင့် လူငယ်များကို ကူညီပံ့ပိုးပေးရန်အကြိမ်ကြိမ်ပြောဆိုနေသော်လည်း လက်တွေ့တွင် ၎င်းတို့သည် လူငယ်များ၏ အားထုတ်မှုကို အသိအမှတ်ပြုမှုမရှိဘဲ ယုံကြည်မှုလည်းမရှိသည်မှာ ပေါ်လွင် နေသည်။ အမှန်တကယ်ပင် မျိုးဆက်တစ်ခုနှင့် တစ်ခုကြား ပူးပေါင်းဆောင်ရွက်မှုကို ထိခိုက်မှုရှိနေသည့် သတ်မှတ်ချက်များ ရှိနေသည်၊ ဥပမာအနေဖြင့် နောက်ပိုင်းတွင်မှားနေသည့်

တိုင်အောင် လူငယ်များသည် လူကြီးများနှင့် ငြင်းခုံခြင်းပြုပါက ရိုင်းစိုင်းသည်ဟု ထင်မြင်ယူဆကြသည်။ ယေဘုယျအားဖြင့် "အသက်အရွယ်နှင့် ပတ်သက်ပြီး နေရာတိုင်းတွင်သက်ရောက်လျက်ရှိသော လူမှုရေး သတ်မှတ်ချက်များစွာသည် လူငယ်များကို လုပ်ဆောင်နိုင်စွမ်း၊ အတွေ့အကြုံ၊ သို့မဟုတ် ဦးဆောင်နိုင်စွမ်း မရှိဟု အထက်အောက် အဆင့်ဆင့်ဝါစဉ်များဖြင့် သတ်မှတ်လာသော အမြင်များကို ဆက်လက်တည်တံ့မြဲမြံစေသည်" (ပေါင်းစည်း လုပ်ငန်းအဖွဲ့၊ ၂၀၁၇၊ စာမျက်နှာ -၂၄) ။ အစဉ်အလာဓလေ့ ထုံးတမ်း၊ အထက် အောက်ဝါစဉ်အဆင့်ဆင့်နှင့် လူမှုဖွဲ့စည်း တည်ဆောက်ပုံသည် မျိုးဆက်တစ်ခုနှင့်တစ်ခုကြား ကွာဟမှုနှင့် မျိုးဆက်အချင်း ချင်းကြား နားလည်မှုကွဲပြားမှုကို ဖြစ်ပေါ်စေသည့် အကြောင်း အရင်းတစ်ခုပင်ဖြစ်သည်။

အချို့သောပါဝင်ဖြေဆိုသူများကလည်း နိုင်ငံရေးယဉ်ကျေးမှုနှင့် စစ်အစိုးရအုပ်ချုပ်မှုလက်အောက်ရှိ အတွေ့အကြုံများသည် လူငယ်အဖွဲ့များကို ငြိမ်းချမ်းရေးတည်ဆောက်ရေးလှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်ရန် တွန့်ဆုတ်စေကြောင်း ထောက်ပြပြောဆိုခဲ့သည်။ ကချင်လူမှုအသိုင်းအဝိုင်းမှ ပါဝင်သူတစ်ဦးက "ယခင်ဆိုးဝါးရက်စက်လှတဲ့ နိုင်ငံရေးစနစ်ရဲ့ နစ်နာသူတွေဖြစ်ခဲ့ကြတာကြောင့် ဘာသာရေးနဲ့နိုင်ငံရေးရာကိစ္စတွေကို ကြောက်တယ်" ဟု ၎င်းအနေနှင့် ပူးပေါင်းပါဝင်ရန် တွန့်ဆုတ်ရသည့်အကြောင်းကို မျှဝေခဲ့ပါသည်။ အခြားပါဝင်သူတစ်ဦးကလည်း ဤကိစ္စနှင့်ပတ်သက်၍ မိဘများ၏အခန်းကဏ္ဍကို ဖော်ပြဆွေးနွေးခဲ့သည်။ မိဘအများစုသည် နိုင်ငံရေးရာပုန်ကန်ထကြွမှု နှင့် စစ်အစိုးရ၏ အကြမ်းဖက်မှုများနှင့် ပတ်သက်သော အတွေ့အကြုံများရှိသောကြောင့် ၎င်းတို့၏သား၊သမီး များကို ဆန္ဒပြမှုများနှင့် လှုပ်ရှားမှုများတွင် ပါဝင်ခွင့်ပြုရာတွင် စည်းကမ်းတင်းကျပ်လေ့ရှိသည်။ ပါဝင်ဖြေဆိုသူက မိဘများကတားဆီးရသည့်အကြောင်းရင်းနှင့် စပ်လျဉ်းပြီး "ဘာကပူးပေါင်းဆောင်ရွက်မှုကို ပိတ်ပင်သလဲဆိုရင် အဓိကက ကျွန်မတို့ဒီဘက်မှာမိဘတွေလည်းဟုတ်တယ်။ ကျွန်မတို့ဒီဘက်မှာ youth movement တွေကို စိတ်အားထက်သန်တဲ့သူတွေ တော်တော်များများရှိတယ်ဆိုတော့ မပါလာဘူး။ စိတ်တော့ဝင်စားတယ်။ ဘာလို့မပါလည်းဆိုတော့ ပြန်ပြီး concept ပန်လိုက်တဲ့အခါကျတော့ မိဘတွေကမသွားခိုင်းဘူး။ ကျွန်မကို ကျွန်မအမေကလည်း မသွားခိုင်းဘူး။ မသွားနဲ့။ ဒါနင်တို့လုပ်စရာမဟုတ်ဘူး။ တစ်ခုခုမိုင်းထိရင် မိုင်းပိပြီးနင်တို့သေမှာ။ အဲ့လိုခြောက်တာတွေရှိတယ်။ ဒါပေမယ့် ကိုယ်တွေက သိနေတာလေ။ သိနေတဲ့အချိန်ပိုပြီး စိတ်ဝင်စားတော့ ပါဝင်တယ်။ ကျွန်မတို့လိုမသိတဲ့လူငယ်တွေက ဒါတွေကို ကြောက်ပြီးမသွားတော့ဘူး။ အဲ့တာလည်းအတားအဆီးဖြစ်တယ်ပေ့ါနော်" ဟု ပြောပြခဲ့ပါသည်။ မိဘများ၏ ထို့ကဲ့သို့ တားမြစ်ပိတ်ပင်မှုများသည် လူငယ်များအနေဖြင့် ၎င်းတို့ကိုယ်တိုင် စိတ်အားထက်သန်နေသည့်တိုင်အောင် လှုပ်ရှားမှုအမျိုးမျိုးတွင် ပါဝင်ရန်အတားအဆီးဖြစ်နေသည်။ ပါဝင်ဖြေဆိုသူအချို့က လူကြီးအများစုသည် စွန့်စားမှုပြုရန် ဝန်လေးနေခြင်းနှင့်ပတ်သက်ပြီး ဖော်ပြဆွေးနွေးခဲ့သည်၊ ကျေးလက်ဒေသမှဖြေဆိုသူတစ်ဦးက

> "တပ်မတော်စစ်အစိုးရစနစ်အမှားကြောင့် လူကြီးတွေက risks ယူရမှာကြောက်ကြတယ်။ လူငယ်တွေက program တစ်ခု ၊ project တစ်ခုလျှောက်ပြီဆိုရင် လူကြီးတွေက အဲ့ဒီလုပ်ငန်းစဉ်ကနေဖြစ်ပေါ်လာမဲ့ risks တွေကို ကြောက်ကြတယ်။ လူငယ်တွေကကျတော့ အဲ့ဒီ risk တွေကိုမကြည့်ဘူး ပြီးတော့ လူငယ်နဲ့လူကြီးက အချင်းချင်းလက်မခံနိုင်ကြတော့ဘူး" ဟု ၎င်းအမြင်ကို ထုတ်ဖော် ဆွေးနွေးခဲ့ပါသည်။

လူငယ်များအနေဖြင့် အစိုးရအဖွဲ့ပေါ်တွင်ယုံကြည်မှု မရှိခြင်းသည် လူငယ်အဖွဲ့များနှင့်အစိုးရကြားပူးပေါင်း ဆောင်ရွက်မှုအတွက် အခြားသောအတားအဆီးတစ်ခုဖြစ်ပါသည်။ ယနေ့အချိန်ထိတိုင် လူငယ်အများစုသည် အစိုးရအပေါ်တွင်မယုံကြည်ခြင်းသည် အစိုးရအဖွဲ့နှင့် လူငယ်များ၏ အပြန်အလှန် ချိတ်ဆက်ဆောင်ရွက်မှုကိုလျော့ကျစေပြီး ၎င်းတို့ကြားတွင် ပူးပေါင်းဆောင်ရွက်မှုအားနည်းစေပါသည်။ ထို့အပြင် လူငယ်များသည် အစိုးရအဖွဲ့နှင့် ပူးပေါင်းပြီးလုပ်ကိုင်ဆောင်ရွက်ရန် ဝန်လေးကြောင်း၊ ၎င်းတို့အနေဖြင့် ထိုကဲ့သို့ဆောင်ရွက်ရန် စိတ်မသက်မသာဖြစ်ရပြီး မိမိကိုယ်ကို လုံခြုံမှုမရှိသကဲ့သို့ ခံစားရပါသည်။ ပဋိပက္ခဒဏ်ခံရသည့်နယ်မြေမှ ပါဝင်ဖြေဆိုသူတစ်ဦးက

> "ကျွန်တော်တို့စခန်းမှာ ဟိုတစ်ပတ်ကပဲဖြစ်သွားတာပေ့ါ ဒီအစိုးရတွေနဲ့လူငယ်တွေ။ အစိုးရတွေက ဒီလူငယ်တွေကို သင်တန်းရောပေး အလုပ်ရောတစ်ခါတည်းပေးပေ့ါ။ အလုပ်ဆိုလည်း ကိုယ်ကြိုက်တဲ့အလုပ်ပေ့ါနော် ကျွန်တော်ဘာတတ်လဲ ဘာလုပ်ချင်တာလည်း ပြောပြီးမှတခါတည်း အလုပ်ခန့်မယ်လို့ အစိုးရကနေ စခန်းကိုဒီလိုလာပြောတယ် ဘယ်လိုဖြစ်လဲဆိုတော့ ဒီလူငယ်တွေက မသွားရဲဘူးပေ့ါနော် စိတ်ထဲမှာ အစိုးရဆိုတာနဲ့ကြောက်သွားလားမသိဘူး မသွားရဲဘူး" ဟု ၎င်း၏အတွေ့အကြုံကိုပြောပြခဲ့ပါသည်။

ပဋိပက္ခဒဏ်ခံရသည့်နယ်မြေမှအခြားသောပါဝင်ဖြေဆိုသူတစ်ဦးကလည်း "လူငယ်အဖွဲ့တွေက အစိုးရအဖွဲ့တွေနဲ့ ချိတ်ဆက်ဆောင်ရွက်တာ ရှားတယ်။ လူထုကလည်း အစိုးရအဖွဲ့ကိုရန်သူတွေလိုမြင်နေတယ်" ဟု ဖြည့်စွက် ပြောဆိုခဲ့သည်။ အချို့သောပါဝင်ဖြေဆိုသူများက အစိုးရအဖွဲ့၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့်ပတ်သက်၍ ယုံကြည်မှုမရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ အဆိုပါအကြောင်းအရာနှင့်စပ်လျဉ်း၍ ပါဝင်ဖြေဆိုသူတစ်ဦးက "အစိုးရတွေ ခေါင်းကြီးပိုင်းယူထားတဲ့ သူတွေက သိပ်အရည်အချင်းမပြည့်ဘူးလို့ ကျွန်တော်မြင်တယ်။ အစိုးရထဲမှာ အားလုံးတော့မဟုတ်ဘူး။ အများအားဖြင့် ဖားလေဖောင်းလေဘဲလေနော် ဒါတွေက များများဖားရင် များများဖောင်းမယ်။ အဲ့လိုမျိုးတွေများလာတော့

ခေါင်းကြီးပိုင်းတွေ ယူထားတဲ့အချိန်တော့ အရည်အချင်းက မရှိဘူး။ တကယ့်တကယ်လုပ်မယ်ဆိုရင်တော့ တာဝန်ယူ တာဝန်ခံမှုတွေနဲ့ပတ်သက်ရင် လုပ်နိုင်တဲ့သူက နည်းလာတယ်” ဟု ဆွေးနွေးခဲ့ပါသည်။

သတင်းမှန်ရရှိမှုအားနည်းခြင်း နှင့် မီဒီယာပညာတတ်မြောက်မှုနည်းပါးခြင်းသည်လည်း ပူးပေါင်းဆောင်ရွက်ရာတွင် အဟန့်အတားများ ဖြစ်စေပါသည်။ မြို့ပြဒေရီယာမှပါဝင်ဖြေဆိုသူတစ်ဦးက “မီဒီယာပညာတတ်မြောက်မှုဆိုင်ရာ အသိပညာပေးမှုအပိုင်းမှာ အားနည်းတာက လူငယ် အဖွဲ့တွေကြားမှာ သတင်းအချက်အလက် ကွာဟမှု ဖြစ်စေပြီး အချင်းချင်းကြားမှာနားလည်မှုလွဲမှားဖို့ အလားအလာပိုများတယ်” ဟု ပြောဆိုခဲ့ပါသည်။
ပွင့်လင်းမြင်သာမှုမရှိခြင်းသည်လည်း လူကြီးနှင့် လူငယ်ကြား ပူးပေါင်းဆောင်ရွက်မှုအားနည်းစေသည့် အကြောင်းရင်းများထဲမှ တစ်ခု ဖြစ်ပါသည်။ ပဋိပက္ခဒဏ်ခံရသည့်နယ်မြေမှပါဝင်သူတစ်ဦးက

> “ကျွန်တော့်အနေနဲ့မြင်တာကတော့ ပွင့်လင်းမြင်သာတဲ့ ဆက်ဆံရေးပေါ့နော် ဒီမြို့ကလူငယ်နဲ့လူကြီးကြားမှာ၊ မြို့မှာကော ကျေးလက်ဒေသမှာ တော်တော်လည်းမရှိဘူး။ လူကြီးလုပ်တဲ့အလုပ်ကို လူကြီးတွေပဲသိတယ် လူငယ်တွေကလည်း တစ်ခါတစ်လေ လူငယ်အစည်းအဝေးလုပ်တယ်။ အဲ့ဒီအစည်းအဝေး လူငယ်တွေကြားမှာပဲ အဆုံးသတ်လိုက်တယ်။ ဒါတွေကို လူကြီးတွေဆီရောက်အောင် မချပြတဲ့ဟာမျိုးတွေလည်း ရှိတယ်ပေါ့နော် ပွင့်လင်းမြင်သာတဲ့ဆက်ဆံရေးတွေ မရှိတာလည်းတွေ့ရတယ်။” ဟု ရည်ညွှန်းပြောဆိုခဲ့ပါသည်။

ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ရှိရသော လူမှုအတားအဆီးများနှင့် စပ်လျဉ်း၍ ပါဝင်ဖြေဆိုသူအများစုသည် ဘာသာရေးဆိုင်ရာတားမြစ်ချက်များကို ထောက်ပြပြောဆိုခဲ့သည်။ ကချင်လူမှုအသိုင်းအဝန်းမှ ပါဝင်သူတစ်ဦးက “တချို့ဘာသာရေးတွေက အနှစ်သာရထက် အသွင်သဏ္ဍာန်ကို အလေးပေးပြီး ရှေးရိုးစွဲကြတယ်။ အဲ့ဒါကြောင့် သူတို့က သူတို့ရဲ့ဘာသာရေးကိုင်းရှိုင်းတဲ့လူငယ်တွေကို အပြင်လူငယ်လှုပ်ရှားမှုတွေ အထူးသဖြင့် နိုင်ငံရေးနဲ့ဆိုင်တဲ့ပွဲတွေမှာ ပါဝင်ခွင့်မပေးဘူး။” ဟု ပြောပြခဲ့ပါသည်။ ဘုရားကျောင်းအခြေပြုလူငယ်အဖွဲ့အစည်းအတွင်းမှာ ပူးပေါင်းဆောင်ရွက်မှုအားကောင်းသော်လည်း၊ တစ်ချိန်တည်းမှာပင် အကန့်အသတ်ရှိနေရခြင်းမှာ ၎င်းတို့သည် အဖွဲ့အစည်းပြင်ပမှကိစ္စရပ်များထက် အဖွဲ့အစည်းအတွင်း ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များတွင် ဦးစားပေးလုပ်ဆောင်သောကြောင့် ဖြစ်သည်။ ထို့အပြင် ဘာသာရေးခေါင်းဆောင်များသည် လူငယ်အဖွဲ့များ၏ ပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို လွှမ်းမိုးလျက်ရှိနေသည်။ ဘာသာရေးခေါင်းဆောင်အချို့သည် သဘောပေါက်လက်ခံလွယ်သောစိတ်ထားရှိသော်လည်း အချို့မှာ ရှေးရိုးဆန်သည်။ ထို့ကြောင့် လူငယ်အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှု အနေအထားသည် ၎င်းတို့၏ဘာသာရေးခေါင်းဆောင်များ၏ ယုံကြည်ချက်နှင့် စိတ်နေစိတ်ထားပေါ်တွင် မူတည်နေသည်။ အလားတူပင် ကျောင်းဝင်းထဲရှိ လူငယ်အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်ရာတွင် တက္ကသိုလ်အာဏာပိုင်များ၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး မြို့ပြဒေရီယာမှပါဝင်သူတစ်ဦးက “ကျောင်းသားသမဂ္ဂအမည်ခံပြီးတော့ ပါချုပ်လက်အောက်က အမည်ခံကျောင်းသားသမဂ္ဂ ခေါ်ဖို့လည်းရှိတယ်။ ဆိုတော့ အဲ့လိုအဖွဲ့အစည်းမျိုးကြတော့ ပါချုပ်ကခိုင်းတာပဲလုပ်တဲ့ အဖွဲ့အစည်းဖြစ်လာပြီး ကျောင်းသားအချင်းချင်း သွေးကွဲတာတွေဖြစ်တယ်။ အနှောင့်အယှက် အဟန့်အတားကြားမှာ ကျောင်းသားသမဂ္ဂတွေ ရှင်သန်ရတယ်ပေါ့” ဟု ဆွေးနွေးခဲ့ပါသည်။

အခြားသောအကြောင်းအရင်းတစ်ခုမှာ လူမှုရေးရာနှင့် နိုင်ငံရေးရာပွဲများတွင် လူငယ်များ၏စိတ်ပါဝင်စားမှု နည်းပါးခြင်းဖြစ်ပါသည်။ ပဋိပက္ခဒဏ်ခံရသည့်နယ်မြေမှ ပါဝင်ဖြေဆိုသူတစ်ဦးက “လူငယ်တွေက ဖွံ့ဖြိုးရေး သင်တန်းတွေ၊ ငြိမ်းချမ်းရေး ဒါမှမဟုတ် နိုင်ငံရေးနဲ့ဆိုင်တဲ့ ပွဲတွေမှာ စိတ်မဝင်စားကြဘူး။” ဟု ပြောဆိုခဲ့သည်။ ထို့အပြင် တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်းကြောင့် ကျေးလက်ဒေသများတွင် လူငယ်အရေအတွက်သည် မြို့ပြဒေရီယာများနှင့် နှိုင်းယှဉ်လျှင် အမှန်တကယ်ပင်နည်းပါး နေသည်။ အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်းသည်လည်း လူငယ်များသည် စားဝတ်နေရေးကိုဦးစားပေးနေရသောကြောင့် ၎င်းတို့အနေဖြင့် လူမှုလှုပ်ရှားမှုများတွင် စိတ်ဝင်စားမှုမရှိခြင်း ဖြစ်နိုင်ပါသည်။ ထို့အပြင် ကျေးလက် ဒေသများတွင် လူငယ်အရေအတွက်နည်းပါးခြင်းသည် ထိုဒေသတွင်ရှိသော လူငယ်အဖွဲ့များကြား ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၏ ဝေခွဲမရ ရောထွေးစေနိုင်သည့် အချက်တစ်ခုဖြစ်နိုင်ပါသည်။ အလုပ်အကိုင်အခွင့်အလမ်းများ မရှိသောကြောင့် လူငယ်များသည် နိုင်ငံရေးတွင်ပါဝင်ရန် စိတ်ဝင်စားသော်လည်း ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်ပြီး မဖြေရှင်းနိုင်ဘဲပါဝင်ရန်အခက်အခဲတွေ့စေပါသည်။ ပဋိပက္ခဒဏ်ခံရသည့်နယ်မြေမှ ပါဝင်ဖြေဆိုသူတစ်ဦးက “ကျွန်မတို့မြစ်ကြီးနားမှာ တစ်ခုဆိုးတာကဆိုရင် အလုပ်အကိုင်အခွင့်အလမ်းနည်းတယ် အရမ်းကို အကန့်အသတ်ဖြစ်တယ် ဆိုတော့အဲ့ဒီဟာကို လိုက်ရှာနေရတယ် လူငယ်တွေကအဲ့ဒီဘက်ကိုလိုက်နေရတာနဲ့ဒီဘက်ကို အာရုံမစိုက်နိုင်ဘူး ပူးပေါင်းပါဝင်မှုလည်းမရှိဘူး ပိုဆိုးတာက တော်တော်များများ ရန်ကုန်သွားပြီးအလုပ်လုပ်လိုက်တာတို့ အခြားနယ် သွားလိုက်တာတို့များတယ်” ဟု ဆွေးနွေးခဲ့ပါသည်။
အသက်မွေးဝမ်းကျောင်းဆိုင်ရာအခွင့်အလမ်းများလုံလောက်စွာရှိခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်း စဉ်တွင် လူငယ်များပါဝင်မှုကိုတိုးမြှင့်နိုင်ရန်အတွက် နည်းလမ်းတစ်ခုဖြစ်နိုင်ပါသည်။ အခြားတစ်ဖက်တွင်လည်း အလုပ်လက်မဲ့ဖြစ်ခြင်းသည် လူငယ်များကို အကြမ်းဖက်မှုကျူးလွန်ရန်တွန်းအားပေးနေသည့်

အကြောင်းရင်းများထဲမှ တစ်ခုဖြစ်နိုင်ပါသည်။ အလုပ်လက်မဲ့နှုန်း များပြားခြင်းသည်
လူငယ်များကို လက်နက်ကိုင်အဖွဲ့များထဲဝင်ရောက်ရန်
အားပေးနေပြီး ပဋိပက္ခဒဏ်ခံနေရသည့်နယ်မြေများတွင်
လူငယ်များငွေကြေးရရှိရန်အတွက် လက်နက်ကိုင်အဖြစ်ဝင်ရောက်
လုပ်ကိုင်ခြင်းသည် တစ်ခုတည်းသောရွေးချယ်စရာဖြစ်လာ
သောကြောင့် အကြမ်းဖက်လုပ်ရပ်များကျူးလွန်စေသည်
(ရင်ကြားစေ့ရေး အရင်းအမြစ်များ၊ ၂၀၁၈)။

# သုံးသပ်ချက် နှင့် အကြံပြုထောက်ခံချက်များ

ဤသုတေသနပြုလုပ်ရခြင်းရည်ရွယ်ချက်သည် လူငယ်အဖွဲ့များကြား ပူးပေါင်း ဆောင်ရွက်မှု၊ လူငယ်နှင့်လူကြီးကြားပူးပေါင်းဆောင်ရွက်မှု နှင့် လူငယ်နှင့် အစိုးရကြားပူးပေါင်းဆောင်ရွက်မှုကို လေ့လာ ဆန်းစစ်ရန်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်သည့်လုပ်ငန်းစဉ်တွင် လူငယ်များပါဝင်မှုကိုမြှင့်တင်ရာတွင် ပါဝင်ကူညီအားဖြည့်နိုင်ရန်ဖြစ်ပါသည်။ ယခင်စာတမ်းများတွင်လည်း လူငယ်အဖွဲ့များကြား ကွဲပြားခြားနားမှုများ နှင့် မျိုးဆက်တစ်ခုနှင့်တစ်ခုကြား ကွာဟမှုများ အကြောင်းလေ့လာခဲ့ပြီး ယခုတွေ့ရှိချက်များအရ ထိုပူးပေါင်း ဆောင်ရွက်မှုအဆင့် အခြေအနေ များသည် အတော်နည်းပါး နေသေးသည်ကို အတည်ပြုနိုင်ခဲ့သည်။ ဤလေ့လာမှုတွင်လည်း ယခင်စာတမ်းများ၏တွေ့ရှိချက်များဖြစ်သော လူကြီးများ၊ အစိုးရဝန်ထမ်းများ နှင့် အာဏာပိုင်တို့၏ ကိုယ်ပိုင်ခံယူချက်နှင့် ယခင် တပ်မတော်အုပ်ချုပ်မှုကြောင့်ဖြစ်သော စွန့်စားမှုပြုရန်ကြောက်ရွံ့ခြင်း နှင့် အစိုးရအပေါ် တွင်မယုံကြည်ခြင်း၊ ပညာရေးစနစ်အားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း အစရှိသကဲ့သို့သော တူညီသောအတား အဆီးများ တွေ့ရှိခဲ့သည်။
အတားအဆီးများရှိသော်လည်း ဤလေ့လာမှုတွင် အကြောင်း ကိစ္စရပ်အခြေပြုပူးပေါင်းဆောင်ရွက်မှု နှင့် ခံယူချက်အခြေပြုပူးပေါင်း ဆောင်ရွက်ခြင်းဟူ၍ လူငယ်များကြားပူးပေါင်းဆောင်ရွက်မှုပုံစံနှစ်မျိုး တွေ့ရှိ ခဲ့သည်။ လူငယ်များအနေဖြင့် ဘုံရည်မှန်းချက်ရှိပြီး လူကြီးနှင့်အစိုးရအဖွဲ့များသည် လူငယ်များ၏ကြိုးစား အားထုတ်မှုကိုအသိအမှတ်ပြုကာ ကူညီပံ့ပိုး ပေးခြင်းဖြင့် ၎င်းတို့ကိုနေရာပေးလျှင် လူငယ်များသည် လူကြီးများ၊ အစိုးရ အဖွဲ့နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် ပိုမိုစိတ်အားထက်သန်မည်ဖြစ်သည်။ ထို့ကြောင့် ဤသုတေသနမှရလဒ်များသည် ငြိမ်းချမ်းရေး တည်ဆောက်သည့် လုပ်ငန်းစဉ်တွင် လူငယ်များပါဝင်မှုကို မြှင့်တင် ပေးရန်အတွက် ထိုအုပ်စုများ ကြားတွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းရန်လိုအပ်သည်ဟူသောအချက်နှင့် အဓိကဦးဆောင်သူများအားလုံးကြား ပူးပေါင်းဆောင်ရွက်မှုကိုလည်း ညီညွတ်မျှတ အောင်ဆောင်ရွက်သင့်သည်ဟူသော ထင်မြင်ချက်ကို ထောက်ခံမှု ရှိပါသည်။ ပထမဆုံးအနေဖြင့် အချင်းချင်း အပြန်အလှန် ယုံကြည်မှု တည်ဆောက်ရန်အတွက် အဓိကဦးဆောင်သူများအားလုံး၊ လူငယ်၊ လူကြီးနှင့် အစိုးရအဖွဲ့တို့သည် ၎င်းတို့၏တစ်ဦးချင်းခံယူချက် များကို ပြောင်းလဲပြင်ဆင်ရန် လိုအပ်ပါသည်။ ထို့နောက်တွင် ၎င်းတို့သည် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် တည်တံ့သော ငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးတည်ဆောက်သည့် လှုပ်ရှားမှုများတွင် လူငယ်များပါဝင်မှုကိုမြှင့်တင်ရန် ပညာရေးစနစ် အားနည်းခြင်း၊ သို့မဟုတ် အလုပ်အကိုင်အခွင့်အလမ်းမရှိခြင်း ကဲ့သို့ အတားအဆီးများကို ဖြတ်ကျော်နိုင်မည့်နည်းလမ်းများကို ရှာဖွေရမည်ဖြစ်သည်။

သုတေသီများ၏သိမှတ်ထားရှိမှုများအရ ဤသုတေသနသည် ပူးပေါင်း ဆောင်ရွက်မှုအဆင့်အခြေအနေသုံးခုကို လေ့လာဆန်းစစ်သည့် ပထမဆုံးသောအစီရင်ခံစာဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး လူငယ်များပါဝင်မှုနှင့်သက်ဆိုင်သော ယခင်လေ့လာမှုများတွင် လူငယ်များနှင့်အခြားသောအဓိက ဦးဆောင်ပါဝင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကို ဦးစားပေး လေ့လာထားခြင်းမရှိသေးပေ။ ဤလေ့လာမှုတွင် လူငယ်များပါဝင်မှုကို သက်ရောက်မှုရှိနေသည့်အခြား အကြောင်းရင်းများဖြစ်သော ပူးပေါင်းဆောင်ရွက်ရေးတွင် ဘာသာရေးဆိုင်ရာကိုယ်ပိုင်ခံယူချက်၏ လွှမ်းမိုးမှု နှင့် ပူးပေါင်းဆောင်ရွက်ခြင်းကို ရှုထောင့်အသစ်မှ လေ့လာခြင်းတို့ကိုလည်း တွေ့ရှိခဲ့သည်။ ထို့အပြင်အလားတူ လေ့လာမှုများသည် ကျေးလက်ဒေသများသို့ရောက်ရှိပြီး ၎င်းဒေသရှိ လူငယ်များ၏အသံ၊ သဘောထားအမြင်များကို ပါဝင်ထည့်သွင်း ဖော်ပြရန်ခဲယဉ်းသော်လည်း ဤလေ့လာမှုတွင် ကျေးလက်ဒေသမှ လူငယ် များ၏ အတွေ့အကြုံနှင့် သဘောထားအမြင်များကို ပါဝင်နိုင်ရန် ပြုလုပ်ခဲ့ ပါသည်။ သို့သော်ငြားလည်း ကံမကောင်းစွာဖြင့် ဤလေ့လာမှုတွင် လူကြီးများ၊ အစိုးရဝန်ထမ်းများ နှင့် အာဏာပိုင် များကို ဦးတည်အုပ်စုတွင်ပါဝင်ဖြေဆိုရန် ထည့်သွင်းနိုင်ခြင်းမရှိခဲ့ပေ။ ဤသုတေသနမှထွက်ပေါ် လာသောရလဒ်များသည် လူငယ်ပါဝင် ဖြေဆိုသူများ၏ ရှုထောင့်အမြင် နှင့် ဆွေးနွေးချက်များမှ သာလျှင် ရရှိလာခြင်းဖြစ်ပါသည်။ ပူးပေါင်းဆောင်ရွက်မှုအဆင့်အခြေအနေ သုံးမျိုးအကြောင်း ဆွေးနွေးရာတွင် အဓိကဦးဆောင်သူများ (main actors) ကြားကွာဟမှုကိုဖြည့်ဆည်းနိုင်ရန် နှင့် ငြိမ်းချမ်းရေးတည် ဆောက်သည့်လုပ်ငန်းစဉ်တွင် လူငယ်များပါဝင်မှုကိုမြှင့်တင်နိုင်ရန် လမ်းစဉ်အသစ်များဖန်တီးနိုင်ရန်အခြားအုပ်စု နှစ်စုဖြစ်သည့် လူကြီးများနှင့်အစိုးရအဖွဲ့၏ ရှုထောင့်အမြင်များကိုလည်း လိုအပ် နေသေးသည်။

ဤလေ့လာမှု၏တွေ့ရှိချက်များအရ အောက်ပါအကြံပြုထောက်ခံချက် များကို အဆိုတင်သွင်းအပ်ပါသည်။

၁။ အစိုးရအဖွဲ့သည်သင်ရိုးညွှန်းတမ်းပြင်ဆင်ရေးနှင့် ဆရာ၊ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်မည့်သင်တန်းများ နှင့် အခြေခံပညာရေး သင်ရိုးညွှန်းတမ်းတွင် အသင်းအဖွဲ့နှင့်စုပေါင်း လုပ်ဆောင်ခြင်းဆိုင်ရာ အယူအဆများပေါင်းစပ်ထည့်သွင်းခြင်း တို့ကို အကောင်အထည်ဖော်ဆောင်ရွက်သင့်သည်။

၂။ အစိုးရအဖွဲ့သည် လူငယ်များနှင့် ထိရောက်စွာနှင့် စိတ်သက်သာစွာ ချိတ်ဆက်လုပ်ဆောင်နိုင်ရန် တရားဝင် လမ်းကြောင်းတစ်ခု ဖန်တီး ပေးသင့်သည်။ အစိုးရအနေဖြင့် လက်ရှိတည်ရှိသော လူငယ့်ရေးရာ ကော်မတီအဖွဲ့များ အားကောင်းလာစေရန် လုပ်ဆောင်သင့်သည်။ တစ်နည်းအားဖြင့် ၎င်းသည် လွှတ်တော်အဖွဲ့တွင် လူငယ့်ရေးရာကော်မတီကို ပြန်လည်ဆက်လက်လုပ်ဆောင်စေနိုင်မည်ဖြစ်သည်။

၃။ အစိုးရအဖွဲ့သည် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးပွဲတော် ကဲ့သို့သော အခမ်းအနားများကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပပြုလုပ်ခြင်း နှင့် ကျေးလက်နှင့် တိုင်းရင်းသားဒေသများတွင် ဟောပြောပွဲများ နှင့် စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ခြင်းဖြင့် ကျေးလက် နှင့် တိုင်းရင်းသားဒေသများရှိ လူငယ်များနှင့် အပြုသဘောဆောင်သောချိတ်ဆက်မှုများကို ပိုမိုတိုးချဲ့ လုပ်ဆောင်သင့်သည်။

၄။ ပြည်ထောင်စုနှင့်ပြည်နယ်အစိုးရအဖွဲ့နှစ်ရပ်စလုံးသည် လူငယ်အဖွဲ့ အသီးသီးထံသို့ အသိအမှတ်ပြုကျေးဇူးတင်လွှာများပေးပို့ခြင်းနှင့်၊ သို့မဟုတ် ၎င်းတို့၏ပွဲအခမ်းအနားများသို့ တက်ရောက်ပါဝင်ခြင်းဖြင့် လူငယ်များ၏ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုကြိုဆို သင့်ပါသည်။ ထို့အပြင် အစိုးရအဖွဲ့များသည် ပထဝီဝင်တည်နေရာ၊ လူမျိုး သို့မဟုတ် လူမှုအဆင့်အတန်းအခြေအနေကိုအခြေခံပြီး ခွဲခြားဆက်ဆံခြင်းများမပြုလုပ်ဘဲ ကဏ္ဍပေါင်းစုံမှလူငယ်အဖွဲ့များအတွက် ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးသင့်ပါသည်။

၅။ လူငယ်အဖွဲ့များသည် မျိုးဆက်ဆိုင်ရာကိစ္စရပ်များအကြောင်း ပညာပေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဖိုရမ်များ၊ စာစီစာကုံးပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် အစရှိသောပွဲများကျင်းပပြုလုပ်ခြင်း၊ လူကြီးနှင့်လူငယ်ခြားနားကွာဟချက် အခြေပြုပြဿနာများနှင့် သက်ဆိုင်သော အသိပညာပေးခြင်း လူကြီးနှင့်လူငယ်များအတွက် အပြန်အလှန် အသိအမှတ်ပြုခြင်း အစီအစဉ်များကို အကောင် အထည်ဖော် လုပ်ဆောင်သင့်သည်။

၆။ လူငယ်ဗဟိုပြုအဖွဲ့အစည်းများသည် တိုင်းရင်းသားအချင်းချင်း ပြန်လည်ပေါင်းစည်းရေး အပြန်အလှန် သွားရောက်လည်ပတ်သည့် အစီအစဉ်များကို ဦးဆောင်ပြုလုပ်သင့်ပြီး ဘာသာရေးခေါင်းဆောင်များသည် ဘာသာအယူဝါဒအချင်းချင်း နီးနှောဖလှယ်ခြင်းဆိုင်ရာ လုပ်ဆောင်မှုများကို ပိုမိုအားပေးမြှင့်တင်သင့်သည်။

၇။ အစိုးရအဖွဲ့၊ ရပ်ရွာလူထုခေါင်းဆောင်များ၊ ရိုးရာအစဉ်အလာအရ ခေါင်းဆောင်များ နှင့် လူငယ်အဖွဲ့များသည် ခွဲခြားဆက်ဆံမှုမရှိဘဲ လူငယ်အဖွဲ့အားလုံးအတွက် အလွယ်တကူအသုံးပြုခွင့်ရနိုင်သော လူငယ်စင်တာ အနည်းဆုံးတစ်ခုကို နိုင်ငံရှိမြို့နယ်တိုင်းတွင် ထားရှိရန် ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ပါသည်။ လူငယ်အဖွဲ့များသည်လည်း အားလုံးပါဝင်သောလူငယ်ဆွေးနွေးပွဲများ နှင့် လူငယ်တွေ့ဆုံပွဲများကျင်းပပြုလုပ်ခြင်းဖြင့် ၎င်းတို့အချင်းချင်းကြားတွင် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

# ကျမ်းကိုးစာရင်း


Aung Saw Oo. (1993). *Burma's student movement: A concise history.* Retrieved from http://www.burmalibrary.org

Bennett, R., Karki, S., & Nepal, N. (2012). *Youth and peacebuilding in Nepal: The current context and recommendations.* Retrieved from https://www.sfcg.org/wp-content/uploads/2012/01/NEP_CA_Jan12_Youth-and-Peacebuilding.pdf

Conciliation Resources. (2018). *Youth aspirations for peace and security.* Retrieved from https://www.c-r.org

Del Felice, C., & Wisler, A. (2007). *The unexplored power and potential of youth as peace-builders.* Retrieved from http://creducation.net/resources/Power_and_Potential_of_Youth_as_Peace-Builders.pdf

Grizelj, I. (2016). *Policy brief: Youth participation in Myanmar's peace process.* Retrieved from https://www.academia.edu

Grizelj, I. (2018a). *Protection needs and capacities of youth: A preliminary report exploring youth protection in Myanmar.* Yangon, Myanmar: Paung Sie Facility.

Grizelj, I. (2018b). *The youth space of dialogue and mediation in Myanmar. Berlin,* Germany: Berghof Foundation.

McEnvoy-Levy, S. (2001). *Youth as social and political agents: Issues in post-settlement peace building.* Retrieved from www.academia.edu

Paung Sie Facility. (2017). *Youth & everyday peace in Myanmar: Fostering the untapped potential of Myanmar's youth.* Yangon, Myanmar: Paung Sie Facility.

Selth, A. (2018). *Death of a hero: The U Thant disturbances in Burma, December 1974.* Queensland, Australia: Griffith Asia Institute.

Sithu Aung Myint. (2018, September 26). When monks defied the generals. *Frontier Myanmar.* Retrieved from https://frontiermyanmar.net

Thar Nyunt Oo & Ingjin Naing. (1997). *A brief history of students' movement in Burma/Myanmar.* Retrieved from http://www.eng.maukkha.org/

Thet Ko Ko, Wei Yan Aung, & Vrieze, P. (2015, March 10). Timeline of student protests against education law. *The Irrawaddy.* Retrieved from https://www.irrawaddy.com

# စာရေးသူများအကြောင်း

**ထက်လင်းဦး**သည် ဧရာဝတီတိုင်းဒေသကြီးမှ ငယ်ရွယ်တက်ကြွသောဗမာလူမျိုး ငြိမ်းချမ်းရေးတည်ဆောက်သူတစ်ဦးဖြစ်ပါသည်။ လက်ရှိတွင် သူသည် ရန်ကုန်တက္ကသိုလ်တွင် နိုင်ငံတကာဆက်ဆံရေးပညာ (International Relations) အထူးပြုနှင့် ဂုဏ်ထူးတန်း တက်ရောက်နေပါသည်။ သူသည် ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်တွင် လူသားလုံခြုံရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး နှင့် စွမ်းအင်သိပ္ပံ (Human Security Development နှင့် Energy Science) နှင့် အမေရိကန်ပြည်ထောင်စုရှိ အင်ဒီယာနားတက္ကသိုလ်တွင် ခေါင်းဆောင်မှုဆိုင်ရာ ကာလတိုသင်တန်းများတွင် ပါဝင်တက်ရောက်ခဲ့ပါသည်။ ထို့အပြင် သူသည် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ နှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် အလုပ်ရုံဆွေးနွေးပွဲများ နှင့် သင်တန်းများတက်ရောက်ခဲ့သော အတွေ့အကြုံများ ရှိပါသည်။ ယခင်က သူသည် သံလွင်ပြည်သူ့ရေးရာမူဝါဒ လေ့လာရေးအဖွဲ့တွင် စီမံကိန်းအလုပ်သင်အဖြစ် လုပ်ကိုင်ခဲ့ပြီး ယခုလက်ရှိတွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု့ (Institute for Strategy and Policy) တွင် စာပေဝေဖန်သုံးသပ်ရေးသားသူ (Book Reviewer) အဖြစ် လုပ်ကိုင်လျက်ရှိပါသည်။ သူသည် မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံရုံးရှိ သံတမန်ရေးရာလူငယ်ကောင်စီတွင် ကောင်စီအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါသည်။ ထို့အပြင် သူသည် လူငယ်ဦးဆောင်သောပဏာမခြေလှမ်းတစ်ခုဖြစ်သည့် ငြိမ်းချမ်းရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာလူငယ်များအဖွဲ့ (Myanmar Youth for Peace Development) တွင် သင်တန်းနည်းပြ နှင့် စီမံကိန်းခေါင်းဆောင်အဖြစ် လုပ်ကိုင်လျက်ရှိပါသည်။ ထက်လင်းဦးသည် ၂၀၁၉ခုနှစ် အောက်တိုဘာလ၊ ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ကျား၊မတန်းတူညီမျှရေးမြှင့်တင်ခြင်းအတွက် အရှေ့တောင်အာရှ လူငယ်ခေါင်းဆောင်များမွေးထုတ်ပေးရေး ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲ (YSEALI) တွင် တက်ရောက်ပါဝင်ရန် ရွေးချယ်ခံရပြီးဖြစ်သည့်အပြင် သူ၏သုတေသနအဆိုပြုတင်သွင်းလွှာသည်လည်း မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု့၏ တက်သစ်စလူငယ်သုတေသနအစီအစဉ်တွင် ရွေးချယ်ခြင်းခံရပါသည်။ သူ၏အနာဂတ်စီမံချက်မှာ အထောက်အထားအခြေပြုသုတေသန များပြုလုပ်ခြင်းဖြင့် မူဝါဒရေးဆွဲသူများအတွက် ထိရောက်မှုရှိပြီး ပြည့်စုံသောအချက်အလက်များ ပံ့ပိုးပေးနိုင်ရန်သာမက ပြည်ပတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့တန်း တက်ရောက်ကာ လေ့လာဆည်းပူးရန် ဖြစ်ပါသည်။

**မျိုးမျိုးကျော်**သည် နေပြည်တော်၊ ပျဉ်းမနားမြို့နယ်မှဖြစ်ပြီး ရန်ကုန်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးပညာအထူးပြုဖြင့် ဘွဲ့ရရှိခဲ့ပါသည်။ သူမသည် Institute for Political and Civic Engagement က ပြုလုပ်သော ငြိမ်းချမ်းရေးဆိုင်ရာပညာပေး၊ အရပ်ဘက်လူ့အဖွဲ့အစည်းအတွက် ဆက်သွယ်ရေးလမ်းကြောင်း၊ နှင့် ရပ်ရွာလူထုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဆိုင်ရာ သင်တန်းများကိုအောင်မြင်စွာတက်ရောက်ခဲ့ပြီးဖြစ်ပါသည်။ သူမသည် ရန်ကုန်တက္ကသိုလ်မှ စီးပွားရေးဥပဒေအထူးပြုဒီပလိုမာဘွဲ့ ကိုလည်းရရှိခဲ့ပါသည်။ ထို့အပြင် သူမသည် မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်ရှိ လူငယ်များအတွက် ယောလူငယ်စွမ်းဆောင်ရည် မြှင့်တင်ခြင်းသင်တန်းကို ဦးဆောင်ပြုလုပ်ခဲ့ပါသည်။ ငြိမ်းချမ်းရေးဆိုင်ရာ ခေါင်းဆောင်မှု နှင့် သုတေသနအင်စတီကျု့တွင်မတက် ရောက်မီ သူမသည် စီမံကိန်းလက်ထောက်အလုပ်သင်အဖြစ် အမျိုးသားလူငယ်ကွန်ဂရက်တွင် လုပ်ကိုင်ခဲ့ပါသည်။ လက်ရှိတွင် သူမသည် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု့၏ သင်တန်းနှင့်စွမ်းရည်မြှင့်တင်ရေးဌာနတွင် ဒေတာဆိုင်ရာ လက်ထောက် အဖြစ် လုပ်ကိုင်လျက်ရှိပါသည်။ အထူးသဖြင့် သူမသည် လူငယ်သုတေသီများနှင့် တက္ကသိုလ်ကျောင်းသားများအတွက် အဓိကရည်ရွယ်သော တက်သစ်စလူငယ်သုတေသနအစီအစဉ်တွင် ပါဝင်ကူညီပေးလျက်ရှိပါသည်။ ငြိမ်းချမ်းရေးနှင့်ခေါင်းဆောင်မှုဆိုင်ရာ ဘွဲ့လွန် သုတေသန ဒီပလိုမာ သင်တန်းပြီးနောက်တွင် မျိုးမျိုးကျော်သည် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်သည့် လုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးပေးနိုင်မည့် အထူးသဖြင့်ငြိမ်းချမ်းရေးနှင့်ဆက်စပ်သော သုတေသနများကို ဆက်လက်ပြီးပြုလုပ်သွားရန် ပို၍ပင်စိတ်အားထက်သန်နေပါသည်။

ဤစာတမ်းတွင်ပါရှိသော အတွေးအမြင်များသည် FES ၊ PLRI နှင့်တကွ ယင်းတို့၏ အလှူရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အတွေးအမြင်များမဟုတ်ပါ။

FES မှထုတ်ဝေထားသော စာအုပ်များကို FES ၏ စာဖြင့်ရေးသား ထားသော သဘောတူညီချက်မပါပဲ အမြတ်အစွန်းအတွက်စီးပွားဖြစ်ထုတ်ဝေခွင့်မပြုပါ။

**Izumi Idoia Zubia** – Cover illustrations
**Myriam Rueda** – Layout Design
**နော်ဝေနင်းကျော်** - ဘာသာပြန်ဆိုသူ
**နော်စာဘလု** - စာအထားအသိုဖတ်ရှုစစ်ဆေးသူ

**ပုံနှိပ်**

©၂၀၁၉ ခုနှစ် ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း (FES) မြန်မာရုံး
အမှတ် (၇၃၉)၊ စံပါယ်ရုံလမ်းသွယ် (၁)၊ ပါရမီ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ။

**တာဝန်ရှိပုဂ္ဂိုလ်**
အလက်ခ်စ်စ်ဆေး ယူစုပေါ့ဗ် - ဌာနေကိုယ်စားလှယ်
ရုံးဖုန်း ၀၉ ၉၇၂ ၇၇၉ ၇၄၇
https://www.fes-myanmar.org
Friedrich-Ebert-Stiftung Myanmar Office

စာအုပ်မှာယူရန်
info-myanmar@fes.asia

## ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျူ့ အကြောင်း

ငြိမ်းချမ်းရေးခေါင်းဆောင်မှုနှင့်သုတေသနအင်စတီကျူ့သည် သပြေပညာရေးဖောင်ဒေးရှင်းနှင့်ပူးပေါင်းပြီး ဖွဲ့စည်းထားသော အဆင့်မြင့်ပညာရပ်များကို သင်ကြားပေးနေသည့် သင်တန်းကျောင်းတစ်ခုဖြစ်ပါသည်။ သင်တန်းကျောင်းကို ၂၀၁၈ခုနှစ်တွင်စတင်ထူထောင်ခဲ့ပြီး တစ်နှစ်တာအချိန်ကြာမြင့်သော ငြိမ်းချမ်းရေးခေါင်းဆောင်မှု ဘွဲ့လွန်ဒီပလိုမာပေးအပ်ချီးမြှင့်သည်။ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေးကိုဆောင်ရွက်ရာတွင် တာဝန်ယူမှုနှင့်တာဝန်ခံမှုကိုရှိသော ခေါင်းဆောင်မှုဆိုင်ရာနှင့် သက်သေအထောက်အထား (သို့) အချက်အလက်အခြေပြုသည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်အောင် ပြုစုပျိုးထောင်ပေးနေသော နေရာတစ်ခုလည်းဖြစ်ပါသည်။ ထိုသို့ပြုလုပ်နိုင်ရန် သင်တန်းကျောင်းသည် လူမှုရေးသိပ္ပံနှင့် ပတ်သက်ဆက်နွယ်သော သုတေသနပြုလုပ်ခြင်းဆိုင်ရာ အရည် အသွေးမြင့်သင်တန်းကို မြန်မာနိုင်ငံတဝှမ်းလုံးရှိ တက်ကြွပြီး အရည်အချင်းပြည့်ဝသောလူငယ်များကို လေ့ကျင့်သင်ကြားပေးပြီ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် လူငယ်များမျှော်မှန်းသော ခေါင်းဆောင်မှုကဏ္ဍတွင် ပါဝင်လာနိုင်ရန်ဖြစ်သည်။ ဤစာစောင်သည် ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အတွင်း တက်ရောက်ခဲ့သည့် ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့ပြီး ပညာရေးဆိုင်ရာဆောင်းပါးအဖြစ် ရွေးချယ်ခြင်းခံထားရသည့် အစီရင်ခံစာ ၆ ခုအနက်မှ တစ်ခုဖြစ်သည်။

## ၂၀၁၈ -၂၀၁၉ PLRI ဘွဲ့ရမောင်မယ်များမှ ပြုစုရေးသားခဲ့သော အခြားစာတမ်းများ -

- မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲခြင်းလုပ်ငန်းစဉ်ချမှတ်ခြင်း - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏သဘောထားအမြင်များ
- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တစ်ဆို့စေသည့်အကြောင်းရင်းများ
- ဖယ်ကျဉ်ခံထားရာမှအလယ်ဗဟိုဆီသို့ - ကရင်နီပြည်နယ်အတွင်းနေထိုင်သော တိုင်းရင်းသားလူနည်းစုများ၏ နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာ ဖယ်ကျဉ်ခံထားရသည့်အတွေ့အကြုံများ
- ဖုံးကွယ်ခံအမှန်တရားများ - ရခိုင်ပြည်နယ်မြောက်ပိုင်းမှလူနည်းစုအတွင်းရှိ လူနည်းစုများ၏ အကြမ်းဖက်အရေးအခင်းအတွင်း အတွေ့အကြုံများ
- မြန်မာနိုင်ငံရဲတပ်ဖွဲ့အပေါ်ပြည်သူလူထု၏ယုံကြည်အားကိုးမှု - သက်ရောက်လွှမ်းမိုးမှုရှိနေသည့် အကြောင်းရင်းများကို လေ့လာဖော်ထုတ်ခြင်း

- သုတေသနအစီရင်ခံစာ ၆ စောင်အား ပေါင်းစုထားသည့် "မြန်မာ့ငြိမ်းချမ်းရေးကို ရှာဖွေခြင်း - ထိပ်ဆုံးအလွှာမှသည် အောက်ခြေ မြေပြင်အဆင့်၏ အတွေးအမြင်များကို ဆန်းစစ်လေ့လာခြင်း" ဟူသောစာစောင်ကိုလည်း ရယူဖတ်ရှုနိုင်ပါသည်။

Friedrich-Ebert-Stiftung (FES) (ဖရက်ဒရစ်အဲဘတ်ဖောင်ဒေးရှင်း) သည် ဂျာမနီနိုင်ငံတွင် သက်တမ်း အကြာရှည်ဆုံး နိုင်ငံရေး ဖောင်ဒေးရှင်းဖြစ်ပြီး၁၉၂၅ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဂျာမနီ၏ပထမဦးဆုံး ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ၏အမည်ကို အစွဲပြု၍အမည်ပေးထားခြင်း ဖြစ်သည်။

FES မြန်မာရုံးကို ၂၀၁၄ခုနှစ်တွင် တရားဝင်တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ သို့သော် FES လုပ်ငန်းများမှာမူ ၂၀၀၅ခုနှစ်ကပင် စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ FES ၏ပြဋ္ဌါန်းလုပ်ဆောင်မှုနှင့်အညီ ဆိုရှယ်ဒီမိုကရေစီတန်ဖိုးများနှင့် အယူအဆများကို ဖော်ဆောင်ရန် FES မြန်မာရုံးသည် အများပါဝင်ဆောင်ရွက်နိုင်သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်စေးရေးလုပ်ငန်း၊ လူမှုတရားမျှတမှု ပြည့်ဝသော လူ့ဘောင်အဖွဲ့အစည်းဖြစ်စေရေး အထောက်အကူပြုသောလုပ်ငန်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒ အခြေခံမူများဖြစ်သော ငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ပေးသော လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ပါသည်။